http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီ တို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇.၉.၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက် တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြွက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌ လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန် ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော် တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရား ကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနီတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန် လပြည့်၊ စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနီတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနီတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနီတာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်းမွေ့ဒုတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏက နှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဥ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းမွေ့ဒုတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီမွေ့ဒုတ ဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပ နိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယက ဆရာတော်

# အရှင်ပုညာနန္ဒ

(ဗဟုဇနဟိတစရ)

ဟော ကြား တော် မူ သော

# သေရဲအောင်ကြိုးစားကြ တရားတော်

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများ ကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိက များမှ အလှည့်ကျ ဟောပြောပြသမည် ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့် နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

**ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်**

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

http://www.dhammadownload.com

K-300 1296009

# သေရဲအောင်ကြိုးစားကြ တရားတော်

သာသနာတော်နှစ် ၂၅၅၃ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါဆိုလပြည့်ကျော် (၁၃) ရက်၊ သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ရက်ရှည် ရက် ( ၁၀၀ ) အထူး တရားစခန်း၊ ( ၂၀ ) ရက်မြောက်နေ့ ညနေပိုင်း ဟောကြားအပ်သော **" သေရဲအောင်ကြိုးစားကြ "** တရားတော်။

ယနေ့ ကိုယ့်ခန္ဓာကိုယ်က သေရမယ့်ခန္ဓာဖြစ်တော့ အော်. . . ငါတို့ သေရဲပြီလားဆိုတာလေး တစ်ချက်ပြန်တွေးပြီးတော့ မသေရဲသေးရင်လဲ၊ သေရဲအောင် ဘယ်လိုကြိုးစားမယ်ဆိုတဲ့ ဒီတရားတော်ကို မဟောကြား မနာကြားမီ မူလတရားတော်ပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်။ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ။

## " နမောပြန်ဘုရားရှိခိုး "

## ( နမောတဿ ယတော မဟိမတော ယဿ တမောန )၊

**ယတောမဟိမတော** - အကြင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာ ပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာ ပါရမီ ဥပေက္ခာ ပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်း

http://www.dhammadownload.com



ကြောင့် ( ဝါ ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီး မယားကို စွန့်ခြင်း အင်္ဂါကြီးငယ်ကို စွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီး ငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါအပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစွေ ဒိဋ္ဌထည့်လေပြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်းပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿာနုဘာဝတော** - တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

**တမော** - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်သည်။

**န** - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

**တဿ ဗုဒ္ဓဿ** - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသောအမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

**မေ** - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်၊

**နမော** - မင်္ဂလာ စရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

http://www.dhammadownload.com



**အတ္ထု** - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

**ဋ္ဌမိနာ ဗုဒ္ဓ ပဏာမေန** - ဤသို့ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

**မေ** - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

**ဝေါတုမှာကံ** - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် အသင်သူတော်စင် တရားနာပရိတ်သတ်အပေါင်းတို့၏။

**ယထိစ္ဆိတတ္ထော** - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

**ယထဇ္ဈာသယံ** - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

**သမိဇ္ဈတု** - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် ယနေ့ မိမိတို့အားလုံးဟာ ရထားတဲ့ခန္ဓာကြီးကိုက နေဖို့လား သေဖို့လား?

'သေဖို့ပါဘုရား'

သေရမယ့်ခန္ဓာကိုယ်က ပြောစရာမလိုအောင်ကို တရွေ့ရွေ့နဲ့ နီးလာပြီ။ အဲဒီနီးလာတဲ့သေခြင်းက အနီးကပ်ဆုံးမှာ ရောက်ရှိနေပြီ ဖြစ်လို့ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ သတိထားရင် သေရဲလား၊ မသေရဲလား ဆိုတာလေးကလည်း ကိုယ်ဖြစ်ပေါ်နေတဲ့ အရာပေါ်မှာ အမှန်ကိုမသိဘဲနဲ့ သေရရင်တော့ အသေဆိုးပဲနော်။

'မှန်လှပါဘုရား'

သိပြီးသေရမယ်ဆိုရင်တော့ ဒါအသေကောင်းပေါ့။ အဲဒီပုဂ္ဂိုလ်သည် သေရဲအောင်ကြိုးစားထားတဲ့ပုဂ္ဂိုလ်ဆိုရင်ကော မမှန်ဘူးလား?

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



ဒါဆိုရင် တို့တွေရဲ့ခန္ဓာကြီးကို တစ်ချက်လေးသတိထားပြီးကြည့်ရင် ဟောဒီခန္ဓာကြီးရထားတဲ့ မည်သူမဆို ဘယ်ကစ . . .

' ဇာတိကစပါတယ်ဘုရား '

ဇာတိကစတဲ့ပုဂ္ဂိုလ်သည် တခြားပေါ်တာလား ခန္ဓာပေါ်တာလား?

' ခန္ဓာပေါ်တာပါဘုရား '

ခန္ဓာပေါ်ရင်အကျဉ်းချုံ့ရင် ဘာနဲ့ဘာရ . . .

' ရုပ်နဲ့ နာမ်ရပါတယ်ဘုရား '

ဒါကတော့ သေချာတယ်နော်။ ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းသည် ဘယ်ခန္ဓာရရ ဇာတိကစ။ ဇာတိကစရင် ဘာပေါ်လဲ?

' ရုပ်နဲ့နာမ်ပေါ်ပါတယ်ဘုရား '

အဲဒီရုပ်နာမ်သည် တရွေ့ရွေ့နဲ့ဟော့ . . . တဖြည်းဖြည်းနဲ့ ကြီးရင့်လာလို့ ဇရာဆိုတဲ့ လက်တွင်း၊ မရဏဆိုတဲ့ လက်တွင်း၊ တရွေ့ရွေ့နဲ့ မသက်ဆင်းဘူးလား?

' သက်ဆင်းရပါတယ်ဘုရား '

**( ဇာတိကစ ရုပ်နာမ်ရ ငါးဝဏ္ဏခန္ဓာ )**၄

' ယနေ့ သတ္တဝါတွေအားလုံး ဘာပဲဖြစ်ဖြစ် ဘယ်ကစ '

' ဇာတိက စပါတယ်ဘုရား '

ဇာတိဆိုရင် ခန္ဓာငါးပါးမပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

အဲဒီခန္ဓာငါးပါးပေါ်တဲ့ ပုဂ္ဂိုလ်တိုင်းမှာဟော့ ကြောက်စရာကောင်းလောက်အောင် အနှိပ်စက်ခံနေရတာက ဟောဒီဇရာဆိုတဲ့ အိုခြင်း၊ ဗျာဓိဆိုတဲ့နာခြင်း၊ မရဏဆိုတဲ့သေခြင်း၊ ဒါတွေမရှိဘူးလား?

' ရှိပါတယ်ဘုရား '

' ဘာရရင်ပေါ်မှာတုန်း '

' ခန္ဓာရရင် ပေါ်မှာပါဘုရား '

http://www.dhammadownload.com



အေး . . . ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက်ထက်တုန်းကလည်းပဲ တရားဓမ္မတွေကို နာကြားပြီးတော့မှ ကောင်းမှုကုသိုလ်တွေပေါ် မှာ အကြောင်း ပြုပြီး နာလိုက်ရတဲ့ သဒ္ဓါ၊ ဒါလေး သူ့သန္တာန်ကိန်းသွားတော့ ဩော် . . . ဟောဒီလူ့ဘောင်ကြီးဟာ တယ်ကြောက်စရာကောင်းပါလား၊ တယ်ငြီးငွေ့ စရာကောင်းပါလား။ အဲဒီလူ့ဘောင်မှာနေနေရင်တော့ ရှုပ်ထွေးလှတဲ့ ဘဝ က နှစ်မွန်းရင်း နှစ်မွန်းရင်းနဲ့သာ တက်စရာအကြောင်းမရှိ၊ ဒါကြောင့်မို့လို့ ငါရဟန်းဘောင်ကို ဝင်ပြီးတော့ ကြိုးစားကျင့်ကြံအားထုတ်မယ်ဆိုပြီးတော့ ဆုံးဖြတ်လိုက်။ အဲတော့ ရဟန်းဘဝကိုရောက်လာတော့ ရဟန်းဘဝမှာ သူ ကြိုးစားတာပဲ၊ ကြိုးစားပင် ကြိုးစားငြားသော်လည်း သူ့မှာက အကြောင်းကံက ရှိလာခဲ့တော့ ခန္ဓာရရင် ရှောင်လို့ရမလား?

'မရပါဘူးဘုရား'

ဘာတွေဖြစ်သလဲမေးတော့ သူ့ခန္ဓာကိုယ်မှာ အနာတွေပေါက်လာ တယ်။ ဒါဖြင့်ရင် ခန္ဓာကြီးဟာ တရွေ့ရွေ့နဲ့ မိမိသန္တာန်မှာ " အို " ဆိုတဲ့ ဒုက္ခဆင်းရဲကလည်း ခန္ဓာထဲ ပါမလာဘူးလား?

'ပါလာပါတယ်ဘုရား'

အခု အနာတွေပေါက်လို့ နှိပ်စက်တဲ့ဒုက္ခတွေလည်း သူမခံရဘူးလား?

'ခံရပါတယ်ဘုရား'

'ဘာရလို့တုန်း'

'ခန္ဓာရလို့ပါဘုရား'

ဒီလိုဆိုရင် အဲဒီတရားတွေက သူ့ရဲ့သန္တာန်မှာ အမြဲမပြတ် နှိပ်စက် ခံရသလို တို့လည်းပဲ ခန္ဓာရရင် မခံရဘူးလား?

'ခံရပါတယ်ဘုရား'

အဲဒီ ပုဂ္ဂိုလ်ခံစားနေရတဲ့ အရာလေးတွေက ဟော့ တစ်ခုပြီးတစ်ခု အနာလေးတွေက စပြီးပေါက်ခါစက သေးသေးလေးရယ်။ မုန်ညင်းစေ့ လောက်လေးဖြစ်လာ။ အဲဒီတော့ အဖုအပိန့်လေးတွေ၊ အနာလေးတွေ၊

http://www.dhammadownload.com



မုန်ညင်းစေ့လောက်လေးတွေ၊ သူ့မှာအရွယ်အစားလေးကထပ်ဖြစ်၊ ဒီကနေ ပြီးတော့မှပဲနောက်စေ့လောက်အရွယ်ဆိုတော့ ပိုမကြီးလာဘူးလား?

‘ ကြီးလာပါတယ်ဘုရား ’

အဲဒီအရွယ်ကနေပြီးတော့ ကုလားပဲစေ့ဆိုတော့ ပိုကြီးလာပြန်ရော ခန္ဓာကိုယ်မှာအနာရဲ့နှိပ်စက်မှုပိုကြီးလာတော့ပိုနှိပ်စက်မှုပြင်းမထန်ဘူးလား?

‘ ပြင်းထန်ပါတယ်ဘုရား ’

ဘာရလို့ . . .

‘ ခန္ဓာရလို့ပါဘုရား ’

‘ ဒါဖြင့်ရင် သူ့ရဲ့ဟောဒီမုန်ညင်းစေ့အရွယ်အစားတွေ ဆုံးရှုံးပျက် စီးပြီးတော့ ပဲနောက်စေ့အရွယ် အစားထိုးတယ်နော်။ ပဲနောက်စေ့အရွယ် ပျက်စီးပြီးတော့မှ ဒီဘက်မှာ ကုလားပဲစေ့အရွယ်၊ အရွယ်လေးပိုကြီးလာ တယ်။ အဲဒီကနေ တဖြည်းဖြည်းနဲ့ အဲဒီအရွယ်ကလည်း ပျက်စီးပြီးတော့ ဇီးစေ့အရွယ်လောက်ဖြစ်လာတယ်။ အနာကပိုကြီးလာတော့ ပိုနှိပ်စက်လာပြီ၊ အဲဒီ ဇီးစေ့အရွယ်တွေ ပျက်စီးပြီတော့ ဇီးသီးအရွယ် ဟော. . . ပိုကြီးလာပြန် တယ်၊ ဒီကနေပြီးတော့ ဥသျှစ်သီးအရွယ်၊ အတွဲလိုက် အတွဲလိုက်ကြီးတွေ တစ်ကိုယ်လုံးမှာ ရစရာမရှိအောင်ပေါ်လာခဲ့ပြီ။ ဘာရလို့ကြုံတာ. . .

‘ ခန္ဓာရလို့ပါဘုရား ’

သူလုပ်ခဲ့တဲ့ အတိတ်ကံကော မရှိဘူးလား?

‘ ရှိပါတယ်ဘုရား ’

ခန္ဓာရရင် ရှောင်လို့မရဘူးနော်၊ အဆင့်အဆင့်အဲဒီအရွယ်ကြီး ရောက် လာဖို့က ဟောဒီအသေးကစခဲ့တာ၊ ဒါဖြင့် ဒီအသေးလေးတွေကလည်း ပျက်စီး ပျက်စီးပြီးတော့ ဟော. . . အကြီးကို အစားထိုး၊ ဒီအသေးလေး ကလည်း ထပ်ပျက်စီးပြီးတော့ ဒီ့ထက်ကြီးတဲ့အရာကိုအစားထိုး၊ နောက်ဆုံး ကျတော့ ကြောက်စရာကောင်းလောက်အောင်ကွဲအက်ပြီးတော့ ပေါက်ပြဲ လာတဲ့၊ ဩော်. . . နောက်ဆုံးတော့ အနာကြီး၊ ကြီးပြီးတော့မှ ပြည်တွေနဲ့

http://www.dhammadownload.com



နှိပ်စက် တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရစရာမရှိအောင် သေလုမျှော့ပါး ဒုက္ခဟာ ပုပ်စော်နံလောက်အောင်ဖြစ်သွားတယ်နော် . . .

' မှန်ပါတယ်ဘုရား '

ဒါဖြင့် သူ့ရဲ့သန္တာန်မှာ နှိပ်စက်မခံရဘူးလား ?

' ခံရပါတယ်ဘုရား '

ရဟန်းတော်တွေလည်း သူ့အနားကိုကပ်ကိုမကပ်တော့ဘူး၊ ဒါကြောင့် မို့လို့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်သည်ပင်လျှင် သွားရောက်ပြီးတော့ ပြုစုရတဲ့အနေအထားလေး ရောက်သွားတယ်နော် . . .

' မှန်ပါတယ်ဘုရား '

ဩော် . . . ဒီလိုမျိုးတို့တွေမှာ ဘာလို့များ ကြုံရသလဲမေးရင် . . .

' ခန္ဓာရလို့ပါဘုရား '

လူ့ဘဝရလည်း ဘယ်ကစ . . .

' ဇာတိက စပါတယ်ဘုရား '

' အခုအနာတွေကို အသေးကနေ အကြီးအရွယ်ကိုရောက်လာတဲ့ ပုဂ္ဂိုလ်လည်း ဘယ်ကစ '

' ဇာတိက စပါတယ်ဘုရား '

တို့တွေအားလုံးလည်းပဲ . . .

'ဇာတိက စပါတယ်ဘုရား '

ဇာတိကစလို ဟောဒီရုပ်နာမ်( ၂ )ပါး၊ ခန္ဓာ( ၅ )ပါး မရဘူးလား?

' ရပါတယ်ဘုရား '

အဲဒီမှာပါလာတာတွေ ပြန်ကြည့်လိုက်တော့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒါတွေမရှိဘူးလား?

' ရှိပါတယ်ဘုရား '

အဲဒါတွေက ဟောဒီတရားလေးတွေ တစ်ခုချင်း တစ်ခုချင်း ကြည့် တော့ ငယ်ရာက အရွယ်လေးတွေ (တဖြည်းဖြည်း)၂ (ပြောင်းသွား)၂

http://www.dhammadownload.com



တာကိုက အိုခြင်းတရားလေး (ပျက်စီး)၂ ပြီး အစားထိုးနေတာနော်. . .

' မှန်လှပါဘုရား '

အခုကြည့် အရွယ်အစားအမျိုးမျိုးနဲ့ နှိပ်စက်နေတဲ့ ဟောဒီအနာတွေကလည်း ပျက်စီး ပျက်စီးပြီး အကြီးထိမသွားဘူးလား?

' သွားပါတယ်ဘုရား '

ဒါဖြင့်ရင် ဖြစ်ပေါ်နေတဲ့ အိုခြင်းတရား၊ ဖြစ်ပေါ်နေတဲ့ နာခြင်းတရား (ပျက်သွား)၂ တဲ့ သေခြင်းတရားတွေသည် ကုန်ဆုံး(ပျက်စီး)၂ ပြီးတော့မှ အစားထိုးတယ်ဆိုတာလေးက အခု သရုပ်ခွဲလိုက်တော့ အဆင့်တိုင်း အဆင့်တိုင်း ပေါ်မသွားဘူးလား?

' ပေါ်သွားပါတယ်ဘုရား '

အခုလို အသက်အရွယ်ကြီးလာတဲ့တိုင်အောင်လို့ အိုမင်းလာတဲ့ ဟောဒီ အသားအရေတွေ တွန့်လိမ်လာတာ၊ ဟိုး နုနယ်တဲ့ကလေးက စခဲ့တာနော်။

' မှန်လှပါဘုရား '

( အိုနာသေခြင်း ကုန်ပျက်ခြင်း ရှောင်ကွင်းမရပါ )၄

အခုနှိပ်စက်သမျှ ဒုက္ခမျိုးစုံကို တို့ခန္ဓာရတဲ့ပုဂ္ဂိုလ် ဘယ်သူရှောင်လို့ရလဲ?

' ဘယ်သူမှ ရှောင်လို့မရပါဘူးဘုရား '

အအိုရဲ့ နှိပ်စက်မှုလည်း ရှောင်လို့မရ၊ အနာရဲ့နှိပ်စက်မှုလည်း ရှောင်လို့မရ၊ ဘာရရင်ကြုံရမယ်. . .

' ခန္ဓာရရင် ကြုံရမှာပါဘုရား '

ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်း ဒါတွေရှောင်လို့မရဘူးဟေ့။ တဖြည်းဖြည်းနဲ့ကတော့ (အနှိပ်စက်ခံရင်း)၂ နဲ့ အရွယ်တွေရင့်လာတာပဲ။ (အနှိပ်စက်ခံရင်း)၂ နဲ့ အနာတွေလည်း ကြီးစိုးပြီးတော့ နှိပ်စက်သွားတာပဲ၊ ဒါလေးတွေကို ပြန်ကြည့်တော့ အသေးလေးတွေ ပျက်စီးပြီး အကြီးလေးတွေ အစားထိုးသွား

http://www.dhammadownload.com



တာ၊ အခုလည်း နုနယ်တဲ့အသားအရည်တွေပျက်စီးပြီး ရင့်ရော်တဲ့ အသား အရည်တွေ အစားမထိုးလာဘူးလား?

' ထိုးလာပါတယ်ဘုရား '

(ပျက်စီး)၂ ပြီးတော့ ဖြစ်လာတာနော်။

' မှန်လှပါဘုရား '

အဲဒီ ပျက်စီး ပျက်စီးတဲ့ဒဏ်တွေကို ဘယ်သူအနှိပ်စက်ခံရ. . .

' ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းပါဘုရား '

ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း အနှိပ်စက်ခံရ၊ ဒီလိုဆိုရင် တို့တွေအားလုံးဟာ ဟောဒီ အိုနာသေခြင်း၊ ကုန်ပျက်ခြင်းဆိုတာတွေကို ရှောင်ကွင်းလို့ မရတာ ကတော့ သေချာသွားပြီနော်. . .

' မှန်လှပါဘုရား '

ဟုတ်ကော ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

ဒီလိုဆိုရင် ဟောဒီ အသေးလေး ပျက်စီးသွားပြီး အကြီးလေး အစား မထိုးဘူးလား?

' ထိုးပါတယ်ဘုရား '

နောက်ထပ်အကြီးကနေ ဒီထက်ကြီးတဲ့အရွယ်အစားကိုကော အစား မထိုးဘူးလား?

' ထိုးပါတယ်ဘုရား '

ဟော. . . တို့တွေမှာ အားလုံးက အဲဒီလိုမျိုးနဲ့ တဆင့်ပြီးတဆင့် (ပျက်စီး)၂ ပြီးတော့ (အစားထိုး)၂ သွားလိုက်တာ နောက်ဆုံးဘယ်အရွယ် ရောက်သွား ဥသျှစ်သီးအရွယ်ထိကိုရောက်သွားတာ။ အနှိပ်စက်ခံလိုက်ရတာ ပြင်းထန်တယ်နော်။

' ပြင်းထန်ပါတယ်ဘုရား '

http://www.dhammadownload.com



အဲဒီလိုဆိုရင် ဟောဒီ ကုန်ပျက်လာတဲ့ သဘောတရားလေးတွေက တရွေ့ရွေ့နဲ့ပျက်စီးလာပြီ၊ အဲဒီပျက်စီးလာတာက ရှောင်လို့ရလားမေးတော့

' မရပါဘူးဘုရား '

ဒီလိုဆိုရင် ပျက်စီးလာတဲ့ တရားလေးတွေက တဖြည်းဖြည်းနဲ့ (ကုန်ပျောက်)[၁] ပြီးတော့ အစားထိုးသွားတယ်။ ဩော်. . . ငါတို့ရဲ့သန္တာန်မှာလည်း ဟောဒီ အရွယ်လေးတွေဟာ ငယ်ရာက (ကုန်ပျောက်)[၂] ပြီးတော့ ကြီးတဲ့တိုင်အောင် အစားမထိုးဘူးလား?

' ထိုးပါတယ်ဘုရား '

အဲဒီအစားထိုးသွားတဲ့အရာလေးတွေကဟော့ အလွယ်တကူကို လျင်မြန်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုအစားထိုးတာက ဒီလောက်ထိ ဖြစ်သွားပြီနော်. . .

' မှန်ပါ့ဘုရား '

ဒါက ခန္ဓာမှာ နှိပ်စက်သွားတဲ့အရွယ်အစားကြီးမျိုးစုံကို ပြနေတာပါ။ မိမိတို့ရဲ့သန္တာန်မှာ အဲဒီသဘောလေးတွေက တည်တံ့ပြတာလား၊ ပျက်ပျက်ပြနေတာလား?

' ပျက်ပျက်ပြနေတာပါဘုရား '

ဘယ်လိုပြတာ. . .

' ပျက် ပျက် ပြနေတာပါဘုရား '

ပျက်ပျက်ပြနေတာ၊ အဲဒီပြနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီ ခန္ဓာကိုယ်ကြီးသည် တနေ့တခြားဘာဖြစ်လာလဲမေးရင် ဖရိုဖရဲ ပြိုကွဲလာပြီ မှန်ရဲ့လား?

' မှန်ပါတယ်ဘုရား '

ခန္ဓာကြီးဘာဖြစ်လာလဲ?

' ဖရိုဖရဲပြိုကွဲလာမှာပါဘုရား '

http://www.dhammadownload.com



အဲဒါလေးကိုကြည့်တော့ အသေးကနေ အကြီးထိကို ပြသွားပြီလေ။ နုရာကနေ ရင့်တဲ့အထိကော မပြဘူးလား?

'ပြပါတယ်ဘုရား'

အဲဒါလေးကို ပထမတော့ ဟောဒီခန္ဓာကိုယ်ကြီးမှာ မျက်လုံးနဲ့မြင်တဲ့ အမြင်၊ ဟုတ်ပြီနော်၊ အဲဒီအမြင်လေးကို အစားထိုးပြီးတော့မှ တို့တွေရဲ့ သန္တာန်မှာ. . .

( ခန္ဓာပြိုကွဲ သေမှာပဲ၊ သေရဲအောင်သာ ကြိုးစားပါ )[၄]

အခုတစ်ချက် တစ်ဆင့်တက်လိုက်ပြီး ဒီခန္ဓာကိုယ်ကြီးက (ဆင့်ကဲ)[၂] (ပျက်စီး)[၂] ပြီးတော့မှ အရွယ်တွေရင့်လာတာကို သတိထားနော်၊ နောက်ထပ် ထပ်ပြီးတော့မှ အစားမထိုးရင် ဘာဖြစ်မတုန်း . . .

'သေမှာပါဘုရား'

အစားထိုးခဲ့တဲ့အရာတွေကတော့ ကြည့်လိုက်စမ်း၊ ဘာရှိသေးလဲ?

'မရှိပါဘူးဘုရား'

ဒါပေမယ့် တို့ကမမြင်ဘူးလေ၊ ဒီခန္ဓာကိုယ်ကြီးကို တည်တံ့တယ် ခိုင်မြဲတယ် ထင်နေတယ်နော်၊ အရွယ်တွေပြောင်းသွားတာကိုက ဘာဖြစ်နေတာ -

'ပျက်စီးနေတာပါဘုရား'

နောက်ထပ်အစားမထိုးရင်. . .

'သေမှာပါဘုရား'

အခုလည်း အနာလေးတွေ တစ်ဆင့်ပြီးတစ်ဆင့်နဲ့ အရွယ်တွေသေးရာကနေ အကြီးထိ မနှိပ်စက်သွားဘူးလား?

'နှိပ်စက်သွားပါတယ်ဘုရား'

နှိပ်စက်မှုရဲ့ ဒုက္ခတွေရဲ့အဆုံးမှာ ဘာဖြစ်ဦးမှာ. . .

'သေဦးမှာပါဘုရား'

http://www.dhammadownload.com



အိုး. . . ကြည့် ခန္ဓာကိုယ်ကြီးက ဖရိုဖရဲနဲ့ (တစ်စစီ)၂ ပြိုကွဲနေတာကို တို့တွေကမြင်အောင်မကြည့်နိုင်ဘဲ ဟောဒီခန္ဓာကိုယ်ကြီးရဲ့ စုစည်းမှုကြီး ကြည့်ပြီး ခိုင်မြဲတယ် ထင်နေကြတာ. . .

' မှန်လှပါဘုရား '

အဲဒီလိုထင်နေရတဲ့အတွက်ကြောင့် သံသရာထဲ လည်နေရတဲ့ဘဝ ကိုယ်ဖြစ်ပေါ်နေတဲ့အရာတွေကို သေချာသတိမထားတော့ အဝိဇ္ဇာဖုံးမှု အောက်မှာ မသိမှုနဲ့သွားနေတဲ့လမ်း၊ ဘယ်လောက်ကြောက်စရာကောင်းတယ် ဆိုတာကိုမသိဘဲ သေတာတောင်မှ ကိုယ့်မှာက ဩော်. . . ငါတို့တွေသည် ကိုယ့်ဘဝလေးရထားတာကို ယနေ့သေရတော့မယ် အချိန်မရွေး သေရတော့ မယ် သိလိုက်စမ်းပါ။ တွန့်ဆုတ်နေကြတယ်နော် ကြောက်နေကြတယ်၊ ဘယ်အချိန်ငါသေသေ သေရဲတယ်လို့ ကိုယ့်ကိုယ်ကို လက်မထောင်ရဲတဲ့ပုဂ္ဂိုလ် အင်မတန်ရှားနေတယ်။ အဲဒီရှားရတဲ့ အချက်လေးက သေရဲအောင် ဘာဖြစ်လို့။

' မကြိုးစားခဲ့လို့ပါဘုရား '

သေရဲအောင်. . .

' မကြိုးစားလို့ပါဘုရား '

ယနေ့သူတော်စင်များက သေရဲအောင် ဘာလုပ်နေတာ. . .

' ကြိုးစားနေတာပါဘုရား '

သေရဲအောင်ကြိုးစားတာ၊ တကယ်လို့ သဝေထိုးလေးဖြုတ်လိုက်ရင် ဘာဖြစ်မလဲ?

' သရဲဖြစ်မှာပါဘုရား '

သေရဲအောင်ကြိုးစားမှာလား?၊ သရဲဖြစ်အောင်ကြိုးစားမှာလား?

' သေရဲအောင် ကြိုးစားမှာပါဘုရား '

http://www.dhammadownload.com



အဲဒါလည်း မမေ့နဲ့ပေါ့နော်၊ သတ်ပုံလေးတစ်ခု ပျောက်သွားတာနဲ့ ကြောက်စရာမကောင်းဘူးလား?

' ကောင်းပါတယ်ဘုရား '

အေး . . . ယနေ့ ကိုယ့်ရဲ့သန္တာန်မှာ သေချာပြန်ပြီးကြည့်စမ်းပါ၊ ဘာကြောင့် အဲဒီလိုပြောရသလဲမေးတော့ ဖြစ်ပေါ်နေတဲ့ အရှုခံတရားတွေပေါ်မှာ အခုအာရုံလေးတစ်ခုပြမယ်၊ ကိုယ့်ရဲ့အသီးသီးသော မြင်စရာအာရုံ၊ ကြားစရာအာရုံ၊ အာရုံတစ်ခုမရှိဘူးလား?

' ရှိပါတယ်ဘုရား '

ကဲ. . . အာရုံဘက်ကလည်းပြမယ်၊ ဒီဘက်ကလည်းပဲပေါ့ အာရုံရဲ့ အတိုက်အခံတစ်ခု မရှိဘူးလား?

' ရှိပါတယ်ဘုရား '

အဲဒီအာရုံရဲ့ အတိုက်ခံရှိသလို ဒီဘက်က သိတာကော မရှိဘူးလား?

' ရှိပါတယ်ဘုရား '

' ဘယ်နှစ်မျိုးတုန်း '

' သုံးမျိုးပါဘုရား '

သုံးမျိုး၊ အဲဒီ သုံးမျိုးလေးကို စမယ်နော်။ မိမိတို့ အာရုံဘက်ကနေပြီးတော့ အရာတစ်ခုခုပေါ့ ကိုယ့်ရဲ့မြင်စရာ အာရုံတစ်မျိုးမျိုးကို နှလုံးသွင်းလိုက်။ အဲဒီတစ်မျိုးမျိုးကို နှလုံးသွင်းလိုက်ရင် မိမိရဲ့စိတ်သည် အာရုံဘက်ကိုကော မညွတ်ဘူးလား?

' ညွတ်ပါတယ်ဘုရား '

' ဟုတ်တယ်နော် '

အာရုံဘက်ကိုလည်း ညွတ်မယ်၊ တကယ်လို့ မြင်စရာအာရုံဆိုရင် မျက်စိရဲ့ အကြည့်လေးကညွတ်လိုက်မှာပဲ၊ ဒါပေမယ့် ညွတ်တယ်ဆိုပေမယ့် အဲဒီအာရုံဘက်ကိုလည်း သူကသွားနိုင်သလို ဟောဒီအာရုံက မျက်စိဘက်ကို လာပြီး မထိဘူးလား?

' ထိပါတယ်ဘုရား '

http://www.dhammadownload.com



သွားတယ်ဆိုတာ လှမ်းပြီး အာရုံညွတ်တာကို ပြောတာနော်။ ရောက်အောင်သွားတာ ဟုတ်သလား?

' မဟုတ်ပါဘူးဘုရား '

ဒါဖြင့်ရင် အဲဒီနှစ်ခုရဲ့သဘောလေးကိုကြည့်၊ ကြည့်လိုက်တဲ့အခါမှာ မြင်စရာ အာရုံအဆင်းလေးက သားအာရုံ၊ သမီးအာရုံ၊ ဇနီးမယားအာရုံ၊ ကိုယ်ရဲ့ချစ်ခင်တဲ့အာရုံ၊ ဘယ်အာရုံပဲပြပြ အာရုံကတော့အာရုံပဲနော်။ အဲဒီ အာရုံလေးသည် သိသလား?

' မသိပါဘူးဘုရား '

ဟော. . . မသိမှုလေး စဖြစ်တာ၊ ဘာလေးစဖြစ်တာ. . .

' မသိမှုလေးကပါဘုရား '

အဆင်းအာရုံဘက်ကသိလားမေးရင်. . .

' မသိပါဘူးဘုရား '

မသိကိုမသိလိုက်ဘူး၊ တစ်ခါ အဲဒီအာရုံလေးကို လက်ခံတဲ့ ဟောဒီမျက်စိအကြည်ဘက် အခံဓာတ်ဘက်၊ အထိဓာတ်ဘက်၊ အဲဒီဘက်ကလည်း ပြန်အာရုံပြုလိုက်ပါ။ သူကကောသိသလား?

' မသိပါဘူးဘုရား '

မသိတာကရုပ်နော်. . .

' မှန်လှပါဘုရား '

ဒီလိုကော သိမထားဘူးလား?

' သိထားပါတယ်ဘုရား '

ဒီလိုဆိုရင် အာရုံဘက်က အဆင်းဘက်ကလည်းပဲမသိ၊ အဲဒီအာရုံထိတဲ့ ကိုယ့်ရဲ့ မျက်စိအကြည်ဘက်ကလည်းမသိ၊ မသိမှုလေးနဲ့စတာ၊ ဘာနဲ့စ. . .

' မသိမှုလေးနဲ့ စတာပါဘုရား '

http://www.dhammadownload.com



မသိမှုနဲ့စတယ်၊ အဲဒီလိုစလိုက်တဲ့ခဏလေးမှာ ဟောဒီအဆင်း အာရုံ ဟောဒီက အထိခံ သူတို့နှစ်ခုအကြောင်းပြုလိုက်တော့ သိတယ်ဆိုတဲ့ တစ်ချက် မပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

သဘောပေါက်နော်၊ အဆင်းရယ်လို့ သိလိုက်မယ်၊ ဒါမှမဟုတ်ရင် လည်းပဲ ကိုယ့်ဘက်က ဟောဒီအဆင်းလေးကို လက်ခံတဲ့ဘက်ကလို့ သိလိုက်မယ်၊ အဲဒီသိတဲ့အသိကလည်းပဲ သိပြီးတော့ . . .

' ပျက်ပါတယ်ဘုရား '

ဒီထက်ပိုမသိတော့ဘူး၊ ဟုတ်ပြီနော်. . .

' ဟုတ်ပါတယ်ဘုရား '

သိတော့ မသိဘူးလားမေးတော့ . . .

' သိပါတယ်ဘုရား '

အဆင်းရယ်လို့ သိလိုက်မယ်၊ ဒီဘက်က လက်ခံတဲ့အပိုင်းရယ်လို့ သိလိုက်မယ်။ သိပြီးတော့ . . .

' ပျက်ပါတယ်ဘုရား '

ဒီထက်တိုးပြီးတော့ သိလားမေးတော့ . . .

' မသိပါဘူးဘုရား '

သိတော့ သိလိုက်တယ်၊ သိပြီးပျက်သွားလို့ ရှေ့တိုးမသိဘူး၊ အဲဒါကြောင့် မသိမှုနဲ့ပဲ ပြန်ဆုံးနေပါလား၊ အဲဒီလိုမသိမှုနဲ့ ပြန်ဆုံးတဲ့အတွက် ဒီနေရာမှာ ရပ်သွားပြီနော် . . .

' မှန်လှပါဘုရား '

(မြင်ပါစေ)[၂] ခန္ဓာရဲ့တစ်ခုသည် စတင်ပြီးတော့ ဖြစ်လာခဲ့တယ်၊ ဖြစ်ပြီးရင် . . .

' ပျက်ပါတယ်ဘုရား '

http://www.dhammadownload.com



ကဲ ဒီလိုဆိုရင် အဆင်းရုပ်ဆိုတာလည်း ငါလား၊ သူလား၊ ခန္ဓာလား?

' ခန္ဓာပါဘုရား '

မျက်စိအခံဓာတ်ကလည်း?

' ခန္ဓာပါဘုရား '

ဒီဘက်က မြင်သိစိတ်လေးကလည်း?

' ခန္ဓာပါဘုရား '

ခန္ဓာလေးတွေကကြည့် အဆင်းလေးကလည်း မသိဘူး၊ ဟောဒီက အခံဓာတ်ကလည်း မသိဘူး၊ မသိပေမယ့် သူတို့လည်း မပျက်ဘူးလား?

' ပျက်ပါတယ်ဘုရား '

သူကော မပျက်ဘူးလား?

' ပျက်ပါတယ်ဘုရား '

'ဟော. . . ဒါလေးက အဆင်းပဲ၊ ဒါကတော့ဟော့. . . အခံဓာတ်ပဲ ကိုယ်က အဲဒါလေးကိုလည်းပဲ တစ်ချက်လေးသိလိုက်တယ်။ သိပြီးတော့ ရှေ့ဆက်တိုးသိနိုင်သလားမေးတော့ '

' မသိနိုင်ပါဘူးဘုရား '

ဒီနေရာမှာ ရပ်သွားပြီ၊ အဲဒီနေရာမှာ ရပ်သွားတဲ့အတွက်ကြောင့် ပေါ်တဲ့ခန္ဓာလေးတွေသည် ပြိုကွဲပျက်စီးသွားပြီ၊ ပြိုကွဲ . . .

' ပျက်စီးသွားပါတယ်ဘုရား '

ဟုတ်လား?

' ဟုတ်ပါတယ်ဘုရား '

' ဘာလုပ်နေတာလဲမေးတော့ အလုပ်ခွင်တန်းပြနေတာနော် '

' မှန်လှပါဘုရား '

မိမိတို့ ခန္ဓာထဲမှာရှိတဲ့ တရားလေးကို သဘောပေါက်အောင်လို့

http://www.dhammadownload.com



ဒီနေရာလေးမှာ စတင်ပြီးပြောသွားလိုက်တာ မသိမှုနဲ့စခဲ့တယ်။မသိမှုနဲ့ တည်ခဲ့တယ်။ ဟောဒီမှာ သိသလိုနဲ့ မသိပြန်ဘူး၊ ဘာဖြစ်လို့လဲမေးတော့ သိတာက ဒီတစ်ချက်ပဲသိလိုက်တာ၊ ရှေ့တိုးပြီး ဆက်သိသေးလား?

' မသိပါဘူးဘုရား '

မသိတော့ဘူး၊ ဒါပေမယ့် အဲဒီမသိမှုနောက်မှာ ဘာတွေလာလဲ၊ ကြိုက်တယ် မကြိုက်ဘူး လာပြန်ရော၊ ဘာတွေလာတုန်း . . .

' ကြိုက်တယ် မကြိုက်ဘူးလာပါတယ် '

'ကြိုက်တယ် မကြိုက်ဘူးဆိုတာ လာနေတယ်၊ ကြိုက်တယ် မကြိုက်ဘူးဆိုတာလာတာက ဒီအာရုံလေးကိုပြတယ်၊ အာရုံကသိလားမေးရင်'

' မသိပါဘူးဘုရား '

' ဒါ ငြင်းစရာမရှိဘူးနော် '

' မှန်ပါ့ဘုရား '

ပြတဲ့အဆင်းကမြင်လိုက်တဲ့ အာရုံက သိကိုမသိဘူး၊ အာရုံကတော့ မပြဘူးလား?

' ပြပါတယ်ဘုရား '

ဒီဘက်ကလာပြီးတော့ အတိုက်အခံဘက်ကကော မပြဘူးလား?

' ပြပါတယ်ဘုရား '

သူကောသိလား?

' မသိပါဘူးဘုရား '

သူလည်း မသိလိုက်ဘူး၊ ဒါလေးတွေကို ဖျတ်ဆို သိလိုက်တယ်၊ သိပြီး ပျက်သွားတယ်၊ ရှေ့တိုးသိလား?

' မသိပါဘူးဘုရား '

' ဒီမှာတင်ပြီးသွားပြီ၊ အစိတ်စိတ်အမွှာမွှာကွဲသွားပြီး နောက်ထပ် စိတ်မပေါ်ရင် ဖျတ်ဆို '

' သေရမှာပါဘုရား '

http://www.dhammadownload.com



မသိဘဲနဲ့သေရင် အဲဒီပုဂ္ဂိုလ်သွားရမယ့်လမ်း ကြောက်စရာကောင်းတယ်၊ မသိမှုနဲ့သေရင် တခြားလား အဝိဇ္ဇာလား?

' အဝိဇ္ဇာပါဘုရား '

ဟော. . . ကြည့်လိုက် မသိတာက. . .

' အဝိဇ္ဇာပါဘုရား '

အဝိဇ္ဇာ ပစ္စယာ . . .

' သင်္ခါရပါဘုရား '

သင်္ခါရပစ္စယာ. . .

' ဝိညာဉ်ပါဘုရား '

အပြောကသာ ဝိညာဉ်ကွာ တကယ်တမ်းဘယ်သူကအုပ်ချုပ်တာလဲ?

' အဝိဇ္ဇာအုပ်ချုပ်တာပါဘုရား '

မသိမှုအဝိဇ္ဇာအုပ်ချုပ်ရင် မောဟနဲ့သေရင် တိရစ္ဆာန်ဘုံက များတယ်နော်၊ ဒါဖြင့်ရင် အဲဒီစိတ်နဲ့သေရဲပါ့မလား?

' မသေရဲပါဘူးဘုရား '

ခန္ဓာကတော့ ပြိုကွဲပြီ ခန္ဓာပြိုကွဲတယ်ဆိုရင် ဘာဖြစ်လဲသေမှာပဲ၊ ဒါပေမယ့် ကိုယ်သေမယ့် အသေလေးက မသိဘဲနဲ့ သေတာ ဘယ်သူတုန်း

' အဝိဇ္ဇာပါဘုရား '

သေရဲပါ့မလား?

'မသေရဲပါဘူးဘုရား '

ဒါဆိုရင် နောက်တစ်ချက်ကြည့် ဒီအာရုံလေးကပြတယ်၊ အဲဒီ အာရုံပေါ်မှာသိတယ်၊ သိပြီးတော့ ရှေ့တိုး ဆက်ပြီးမသိဘူး။ ဒါပေမယ့် အဲဒီ အာရုံလေးပေါ်မှာလှမ်းပြီး အာရုံပြုတယ်၊ ဖျတ်ဆိုခံစားလိုက်တယ်။ "သညာ" ကလဲ ပြထားတယ်၊ ဒါလေးသည် ကြိုက်စရာ၊ ခင်စရာ၊ နှစ်သက်စရာ သူက သတ်မှတ်ပေးတယ်နော်။ အာရုံလေးကို စေ့ဆော်ပေးနေတယ်၊ အဲဒီအာရုံကို

http://www.dhammadownload.com



ကြည့်နိုင်အောင် သင်္ခါရ သူကော မပါဘူးလား?

' ပါပါတယ်ဘုရား '

ဒါဖြင့်ရင် တစ်ခါပြရင် တစ်ခံစား မလာဘူးလား?

' လာပါတယ်ဘုရား '

တစ်သိကော မလာဘူးလား?

' လာပါတယ်ဘုရား '

အဲဒီအချိန်အခါမှာ ကြိုက်ဆိုတာ မဖြစ်သေးပါ။ ဘာဖြစ်လို့လဲမေးတော့ စခံစားရုံပဲရှိသေးတာကို အဲဒီခံစားရုံပဲရှိတဲ့အတွက်ကြောင့်မို့လို့ အခုဖြစ် အခုပျက်တာ၊ သိကိုမသိလိုက်ဘူး၊ အဲဒီကနေပြီးတော့မှ စွမ်းအားလေးမြင့် လာတယ်။ မြင့်လာတဲ့အခါမှာ အဲဒီအာရုံပေါ်မှာ ထပ်တလဲလဲ တစ်အာရုံထဲလားဆိုတော့ မဟုတ်ဘူး . . .

(တစ်အာရုံပေါ်လိုက် တစ်သိပေါ်လိုက် ချုပ်သွားလိုက်)၂

အဲဒီအာရုံပေါ်မှာ မသိဘဲနဲ့သေသွားရင်လည်းပဲ ဘဝကဆိုးတယ်နော်၊ တိရစ္ဆာန်ဘုံ အရောက်မများဘူးလား၊ များလား?

' များမှာပါဘုရား '

စိတ်လေးတစ်စိတ်ပဲနော်၊ မိမိတို့ခန္ဓာကိုယ်က နောက်စိတ်မလာရင်

' သေမှာပါဘုရား '

ဟော. . . ခန္ဓာကိုယ်က အခုကြည့်လေ၊ အဆင်းအာရုံဘက် ကြည့်မလား၊ မခံစာတ်ဘက်ကြည့်မလား၊ သိတဲ့ဘက်ကြည့်မလား၊ တစ်စစီပြိုကွဲနေတာ၊ ဖြစ်ပြီးရင်. . .

' ပျက်ပါတယ်ဘုရား '

အစရှာမရအောင်ကို မပျောက်ဘူးလား၊ ပျောက်နေလား?

' ပျောက်နေပါတယ်ဘုရား '

အဲဒီ (ပျောက်)^၃နေတာကို နောက်ထပ်အစားမထိုးရင် သေတာပဲ၊

http://www.dhammadownload.com



ဒါကြောင့် . . .

( ခန္ဓာပြိုကွဲ သေမှာပဲ၊ သေရဲအောင်သာ ကြိုးစားပါ )

ဘယ်လိုတိုက်တွန်းလိုက်လဲ?

' သေရဲအောင်ကြိုးစားရမှာပါဘုရား '

အခုမသိဘဲနဲ့သေရင် သေရဲပါ့မလား?

' မသေရဲပါဘူးဘုရား '

နဂိုတုန်းကတော့ ကိုယ်က ဒါတွေက မသိတဲ့အတွက်ကြောင့်မို့လို့ ခွေးသေ ဝက်သေတွေ သေခဲ့တာများပြီ၊ တိရစ္ဆာန်သေ၊ သေခဲ့တာတွေများပြီ၊ ဘဝတွေ မလွတ်တာလည်းပဲ အဲဒါကြောင့်ပါလားဆိုတာ မပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

အခုတော့အာရုံလေးပေါ်မှာ "ကောင်း" လို့သတ်မှတ်လိုက်ရင် အဲဒီ (ကောင်း)[၃] ဆိုတဲ့ အာရုံတွေက (ထပ်တလဲလဲ)[၂] တစ်ခါ တစ်ခါ (ထပ်ခါ)[၂] ခံစားပါများတော့ ကြိုက်တယ်ဆိုတဲ့သဘောလေး အားကောင်းသွားတာ၊ အဲဒီကြိုက်တယ်ဆိုတဲ့အားကောင်းသွားတော့ ကြိုက်စိတ်လေးပေါ်မပေါ် . .

' ပေါ်ပါတယ်ဘုရား '

ဟောဒီကြိုက်စိတ်လေးပေါ်တော့ ဘယ်သူလာတုန်း . . .

' တဏှာလာပါတယ်ဘုရား '

ကြိုက်စိတ်လေးပေါ်တာပဲနော်၊ နှစ်သက်စိတ်လေးပေါ်လာတယ်၊ အဲဒီကြိုက်စိတ်၊ နှစ်သက်စိတ်လေးကပဲ (ထပ်ခါ)[၂] ကြိုက်တဲ့အရာလေးပေါ်မှာ မရရအောင် နည်းမျိုးစုံနဲ့ ကြံတော့တာပဲ။ ကြိုးစားမှုတွေ အားထုတ်မှုတွေ မလာဘူးလား?

' လာပါတယ်ဘုရား '

တခြားလား ကံလား?

' ကံပါဘုရား '

http://www.dhammadownload.com



ကံမြောက်သွားပြီနော်၊ အဲဒီကံမြောက်သွားတဲ့အတွက် ကမ္မဘဝပစ္စယာ

' ဇာတိပါဘုရား '

ဟော. . ဘာစိတ်လေး ကြိုက်စိတ်လေး၊ ဘာစိတ်လေးတုန်းဟေ့. .

' ကြိုက်စိတ်လေးပါဘုရား '

ကြိုက်စိတ်လေးနဲ့သွားရပြန်ပြီ၊ အဲဒီစိတ်လေးတွေကလည်း တစ်စိတ်ပြီးတစ်စိတ် (ဖြစ်လိုက် ပျက်လိုက်)[၂]နဲ့ အစားထိုးနေတာနော်၊ အစားထိုးနေလို့တာ အဲဒီကြိုက်စိတ်ရဲ့စွမ်းအားလေး မြှင့်မလာဘူးလား?

' မြှင့်လာပါတယ်ဘုရား '

ဒါကြောင့်မို့လို့လည်း ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေကိုလည်းပဲ ပြည့်ဝအောင် သူ မလုပ်ခဲ့ဘူးလား?

' လုပ်ခဲ့ပါတယ်ဘုရား '

' ဘာစိတ်လေးနဲ့ '

' ကြိုက်စိတ်လေးနဲ့ပါဘုရား '

အဲဒီကြိုက်စိတ်လေးကလဲ ဖျတ်ဆိုပေါ်၊ ဖျတ်ဆို . . .

' ပျောက်ပါတယ်ဘုရား '

ဒို့ထက်ပိုမသိပါဘူး၊ ဒါပေမယ့် နောက်တစ်စိတ်က (အစားထိုးတယ်)[၃] ရဟန်းတော်လေးတစ်ပါး ခြေလေးဆေးလိုက်တယ်။ ပထမအကြိမ် ဆေးလိုက်တယ်။ ဟော. . . သူ့မှာက ဖျတ်ဆို အသိတရားကိန်းသွားပြီ၊ နောက်တစ်ခွက်ဆေးလိုက်တယ်၊ ရဟန္တာတောင်ဖြစ်လွယ်သွားတယ်။ ဒါဖြင့်ရင် ရေဆေးလိုက်တာနဲ့တင်ကြည့်နော်၊ ရေဆေးလိုက်တာနဲ့တောင်မှ အဲဒီလိုလေးရေဆေးရင်းနဲ့ သောတပန်တည်ကြတယ်၊ ရဟန္တာဖြစ်ကြတယ်။ ဘာကြောင့်များ ဒီလိုဖြစ်သလဲ၊ သဘောပေါက်စေချင်တာက ရေဆေးလိုက်တဲ့အခါမှာ ရေစီးကြောင်းလေးဟာ မြေကြီးကနေတစ်ဆင့် မသွားဘူးလား?

' သွားပါတယ်ဘုရား '

http://www.dhammadownload.com



အဲ. . . သွားလိုက်တဲ့နေရာလေးမှာ ပထမစပြီးတော့ ရေလေးစိုတယ်၊ ဒုတိယစိုသွားတယ်၊ တတိယ စိုသွားတယ်၊ အဲဒီစိုသွားတဲ့ခြောက်သွေ့တဲ့နေရာလေးမှာ စစိုတဲ့နေရာ၊ ဒုတိယစိုလာတဲ့ ရှည်ရှည်လာတဲ့နေရာ၊ တတိယရှည်တဲ့နေရာ၊ စတုတ္ထရှည်တဲ့နေရာ၊ အဲဒီစပြီးတော့ ဟောဒီစိုလိုက်တဲ့ နေရာလေးသည် ဒုတိယစိုသွားတဲ့နေရာနောက်ကိုပါသလား?

' မပါပါဘူးဘုရား '

ဒီနေရာပေါ် ဒီနေရာချုပ်တာနော်

' မှန်လှပါဘုရား '

နောက်တစ်ခုက အစားထိုးဘူးလား?

' ထိုးပါတယ်ဘုရား '

အစားထိုးလို့ ရှေ့ရောက်သွားတာနော်၊ ကဲ. . . တကယ်လို့ အဲဒီအရာလေးသာ အစားမထိုးရင် ဒီနေရာမှာရပ်ပဲ၊ ခန္ဓာလည်း ဒီသဘောမဟုတ်ဘူးလား၊ ဒီသဘောလေးကို သူကခြုံငုံပြီးတော့ (ရှေ့တိုး)၂ သွားတဲ့ အဲဒီရေလေးရဲ့စီးကြောင်း၊ ဟော. . . ဒီနေရာလေးကစခဲ့တာ ဒီထိရောက်သွားတာသည် (ဆက်ကာ)၂ ဘာဖြစ်နေတာ၊ အစားထိုးနေတာ၊ အစားထိုးတာ တည်တဲ့သလား ပျက် ပျက်ပြီးမှလား?

' ပျက် ပျက် ပြီးမှပါဘုရား '

ဟော. . . ဒုတိယရေစီးကြောင်းလေး ထပ်ပြီးလောင်းချလိုက်တယ်၊ ဒီနေရာရောက်သွားတာနဲ့ ရှေ့ကိုရှည်မသွားဘူးလား?

' ရှည်သွားပါတယ်ဘုရား '

ဒါဖြင့် ပထမရေစီးကြောင်း ဟုတ်သလား?

' မဟုတ်ပါဘူးဘုရား '

ဒုတိယ (အစားထိုး)၂ သွားလို့ ရှေ့ကိုရှည်သွားတာ၊ အခုလည်း တို့ရဲ့ခန္ဓာကိုယ်ကြီးက (တစ်စိတ်ပြီးတစ်စိတ်)၂ (ဆက်ကာ)၂ အစားထိုးလို့ ဘာဖြစ်

http://www.dhammadownload.com



နေတာ၊ နေခွင့်ရနေတာ၊ ဘာဖြစ်တာတုန်း။

'နေခွင့်ရနေတာပါဘုရား'

နောက်ထပ်တာ ဆက်မလောင်းရင် ဒီရေသည် ရှေ့တက်မလား?

'မတက်ပါဘူးဘုရား'

နောက်စိတ်သာ မပေါ်ရင် တို့ဆက်နေလို့ရမလား?

'မရပါဘူးဘုရား'

ဖြစ်ပြီးရင် ...

'ပျက်ပါတယ်ဘုရား'

မွေးပြီးရင်

'သေပါတယ်ဘုရား'

အိုး ... တို့ခန္ဓာကိုယ်ကြီးကိုက အသေခန္ဓာနော်...

'မှန်ပါတယ်ဘုရား'

ဒါဆိုရင် တို့တွေအားလုံးရဲ့ခန္ဓာ မြဲလား?

'မမြဲပါဘူးဘုရား'

ကဲ... ဒီလိုဆိုရင် အဲဒီစိတ်လေးကလည်း ကြိုက်စိတ် ကြိုက်စိတ်နဲ့ သွား၊ ဒီစိတ်ကနောက်စိတ်အစားမထိုးရင် ကြိုက်စိတ်လေးနဲ့ ပျော်တယ်လို့ ထင်ရပေမယ့်၊ စုတိနောင် ပဋိသန္ဓေ ဇာတိ မစဘူးလားဟေ့...

'စပါတယ်ဘုရား'

အဲဒီ ဇာတိကကြိုက်စိတ်နဲ့ သေတာမို့လို့ ပြိတ္တာဘုံတော့ အရောက် များလိမ့်မယ်၊ ဒါဖြင့်ရင် အဲဒီစိတ်နဲ့ကော သေရဲလား?

'မသေရဲပါဘူးဘုရား'

အခုမှ မသေရဲတာပါ ပျော်ပြီးတော့ မသေချင်ဘူးလား?

'မသေချင်ပါဘူးဘုရား'

http://www.dhammadownload.com



ကိုယ်လိုချင်တာလေးရရင် ကြိုက်တယ်လေ၊ မသေချင်ဘူးလား၊ ကိုယ်လိုချင်တာလေးရရင် မသေချင်ဘူးလား?

' သေချင်ပါတယ်ဘုရား '

သေချင်တယ်၊ကိုယ်လိုချင်တာလေးရရင်မသေချင်ဘူးလား၊သေချင်လား?

' မသေချင်ပါဘူးဘုရား '

ပဋိစ္စသမုပ္ပါဒ်နဲ့ပြနေတာလေ၊ ဒီအာရုံလေးကို ထပ်တလဲလဲ အာရုံပြုလို့စွဲမြဲ စွဲမြဲသွားတယ်။ ဒီစိတ်လေး စွမ်းအားကြီးတဲ့ချိန် ကြိုက်စိတ်က ပေါ်တာပဲ။ အဲဒီပေါ်တဲ့စိတ်လေးကြောင့်လည်းပဲ ကိုယ့်မှာ နည်းမျိုးစုံနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံထိ မပြုဘူးလား?

' ပြုပါတယ်ဘုရား '

ကံမျိုးစုံကို စု မစု . . .

' စုပါတယ်ဘုရား '

ကမ္မဘဝ ပစ္စယာ. . .

' ဇာတိပါဘုရား '

ကဲ. . . အဲဒီစိတ်လေးကိုလည်းပဲ ပြန်ကြည့်လိုက်စမ်းပါ၊ ငါတို့တွေသည် ဟောဒီစိတ်တွေက ကြိုက်စိတ်တွေပေါ်တယ်ဆိုပေမယ့် သူလည်း အခုဖြစ်. . .

' အခုပျက်ပါတယ်ဘုရား '

ရှေ့တိုးပြီး သိလားမေးတော့ . . .

' မသိပါဘူးဘုရား '

နောက်တစ်စိတ်ကြိုက်ပြန်ပြီဟော့၊ ကြိုက်စိတ်လေးပေါ် မပေါ်. . .

' ပေါ်ပါတယ်ဘုရား '

ရှေ့တိုးတဲ့စိတ်နောက်ပါသလား?

' မပါပါဘူးဘုရား '

http://www.dhammadownload.com



ဒီနားတင်ရပ်သွားတာပဲ၊ အဲဒါကြောင့်မို့ သိသလိုနဲ့မသိပြန်ဘူး၊ မသိတာ ဘယ်သူပါလိမ့် . . .

' အဝိဇ္ဇာပါဘုရား '

ဟ. . တို့တွေ ဒီတိုင်းသွားနေတဲ့အတွက်ကြောင့်မို့လို့ အဲဒီကြိုက်စိတ်နဲ့ သေသွားတော့လည်း ပြိတ္တာဘုံသွားရပြန်ပြီ။ အများဆုံးက ပြိတ္တာဘုံ၊ အနည်းဆုံးက ငရဲ တိရစ္ဆာန်၊ အပါယ်လေးဘုံ ရောက် မရောက်. . .

' ရောက်ပါတယ်ဘုရား '

ဒါဖြင့် ဒီစိတ်နဲ့လည်း သေရဲပါ့မလား?

' မသေရဲပါဘုရား '

**( ခန္ဓာပြိုကွဲ သေမှာပဲ၊ သေရဲအောင်သာ ကြိုးစားပါ )**

ကဲ. . . ဒီတော့ အဲဒီကြိုက်စိတ်လေးကနေပြီးတော့မှ ဖျတ်ဆို အာရုံက ဒီအပေါ်မှာ မကြိုက်တော့ပြန်ဘူး၊ မကြိုက်ဘူးဆိုတာ ချက်ချင်းပေါ်လားဆိုတော့ မပေါ်ဘူးဟေ့. . . အဲဒီအာရုံကို (ထပ်ကာ)၂ ခံစားတယ်၊ ခံစားလို့ စွမ်းအားကြီးတဲ့အခါမှ ဒီရုပ်ပေါ်မှာ မြောက်ထိုးပင့်ကော်လုပ်လိုက်ပြီးတော့ ခုနတုန်းက သာယာဖွယ်အာရုံကို ဘာလုပ်လိုက်လဲ၊ ဖျက်ဆီးလိုက်တယ်။ သာယာတဲ့အာရုံကို ဖျက်ဆီးပစ်လိုက်တဲ့အတွက်ကြောင့် သူ့မှာ ဘာစိတ်လေးပေါ်လာ၊ မကြိုက်စိတ်၊ ဘာစိတ်လေး ပေါ်တုန်း . . .

' မကြိုက်စိတ်ပါဘုရား '

အဲဒီ (မကြိုက်စိတ်)၂ နဲ့ သူ့ရဲ့သန္တာန် သာယာတဲ့အာရုံတွေကို ဖျက်ဆီးပြီးတော့ မကြိုက်စိတ်နဲ့ ကြိုးစားခဲ့တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မြောက်များစွာပေါ်သွားပြန်ပြီ၊ နေရာတွေယူ သွားပြန်ပြီနော်၊ အဲဒီ အာရုံတွေ (ပေါ်သွားတိုင်း)၂ ကြည့်လိုက်စမ်းပါ။ ဒီမကြိုက်စိတ်ကလည်း (တစ်စိတ်ပြီးတစ်စိတ်)၂ ခုနရေလေးလောင်းလိုက်လို့ ရှေ့ကိုတိုးသွားသည် စဉ်ဆက်မပြတ် အစားထိုးနေတာ။ ဟော. . . ဒီမကြိုက်စိတ်ကလည်းပဲ တစ်စိတ်ပြီးတစ်စိတ်

http://www.dhammadownload.com



အစားမထိုးဘူးလား?

' ထိုးပါတယ်ဘုရား '

အစားထိုးလို့ (ဆက်ကာ)[၂] ပြသွားတော့ အားမကောင်းသွားဘူးလား၊ ဟောဒီမကြိုက်စိတ်သည် တခြားလား ဒေါသလား?

' ဒေါသပါဘုရား '

ဒေါသအုပ်ချုပ်တဲ့ကံတွေ ကမ္မဘဝပစ္စယာ . . .

' ဇာတိပါဘုရား '

ကဲ. . . အဲဒီစိတ်လေးနဲ့သေရင်လည်း ငရဲကတော့ သေချာတယ်။ ဒါဖြင့်ရင် မကြိုက်စိတ်နဲ့သေမလား၊ ကြိုက်စိတ်နဲ့သေမလား?

' ဘယ်စိတ်နဲ့မှ မသေချင်ပါဘူးဘုရား '

တစ်စိတ်စိတ်နဲ့တော့ ရွေးလိုက်လေ၊ ဘယ်စိတ်နဲ့သေချင်တုန်း၊ ခုန တုန်းက မကြိုက်တဲ့စိတ်လေး ပြိုကွဲသွားပြီ၊ ဖြစ်ပြီးပျက်သွားပြီ၊ ဖရိုဖရဲကို ပြိုကွဲသွားပြီ၊ မကြိုက်တဲ့စိတ်ကနေပြီးတော့ ဖျက်ဆီးပစ်လို့ ကြိုက်တဲ့စိတ်လေး ပြိုကွဲပျက်စီးသွားပြီ၊ မကြိုက်တဲ့စိတ်နဲ့အစားထိုးနေတာ၊ အဲဒီစိတ်ကလည်း နောက်စိတ်အစားမထိုးရင် . . .

' သေရမှာပါဘုရား '

သူကလည်း တဖြစ်ထဲဖြစ်၊ တပျက်ထဲ မပျက်ဘူးလား ပျက်နေလား။ အဲဒီ ပျက်နေတဲ့တရားတွေ နောက်ထပ်အစားမထိုးရင် သွားတာပဲ။ ဒါကြောင့် လည်း တို့တွေအားလုံးသည် ဟောဒီခန္ဓာကိုယ်ကြီးက တစ်နေ့တခြား ကြည့်လိုက်စမ်းပါ၊ ဘာတစ်ခုခိုင်မြဲလဲ?

' မခိုင်မြဲပါဘူးဘုရား '

**( ငါ၏ခန္ဓာ မမြဲပါ၊ မကြာသေလတ္တံ့. )**[၃]

ကိုယ့်ခန္ဓာမြဲလား?

' မမြဲပါဘူးဘုရား '

http://www.dhammadownload.com



ကြိုက်စိတ်လည်း မမြဲဘူး၊ မကြိုက်စိတ်လည်း?

' မမြဲပါဘူးဘုရား '

မသိစိတ်လည်း?

' မမြဲပါဘူးဘုရား '

မမြဲလို့ (ပျက်)၍ နေတဲ့တရားတွေသည် နောက်ထပ် အစားမထိုးရင် သေမှာ၊ ဒါကြောင့်မို့လို့ တို့မကြာခင်သေရတော့မှာ၊ အဲဒီ သေနည်းနဲ့ တို့သေရဲပါ့မလား?

' မသေရဲပါဘူးဘုရား '

မသေရဲဘူး၊ ဘာဖြစ်လို့ မသေရဲလဲမေးရင်၊ လောဘစိတ် ကြိုက်စိတ်နဲ့ သေတော့လည်း အပါယ်လေးဘုံပဲ၊ မကြိုက်တဲ့စိတ်နဲ့ သေတော့လည်း. . .

' အပါယ်လေးဘုံပါပဲဘုရား '

မသိစိတ်နဲ့ သေတော့လည်း . . .

' အပါယ်လေးဘုံပါဘုရား '

ကြိုက်စိတ် မကြိုက်စိတ်ကြားထဲမှာကို တို့ကသိကို မသိလိုက်တာ ဟုတ်သလား၊ အဲဒီလိုဆိုတော့ တို့ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့တရားတွေက နေ့စဉ်နေ့စဉ် ဖရိုဖရဲနဲ့ ပြိုကွဲရင်းကနေ ဖြစ်ပေါ်နေတဲ့တရားတွေက ကြောက်စရာကောင်းအောင် ဩော်. . . ပဋိစ္စသမုပ္ပါဒ်နဲ့ပြမှပဲသိပါလား၊ ဒီခန္ဓာကိုယ်ကြီးကတော့ အချိန်မရွေး တရွေ့ရွေ့နဲ့ ရှည်လာတဲ့အနေအထားလေးဟာ မင်းသေတော့မယ်လို့ သတိပေးတာနော် . . .

' မှန်လှပါဘုရား '

အဲ-သေတော့မယ့်အနေအထားလေးမှာ ဟောဒီတရားတွေကို ကြိုးစားလို့ ကျင့်ကြံတဲ့အနေအထားရောက်မနေရင်တော့ ဘဝမဆိုးဘူးလား ဆိုးလား?

' ဆိုးမှာပါဘုရား '

http://www.dhammadownload.com



ယနေ့ တစ်မျိုးပြသွားတယ်နော်၊ ဆင့်ကဲ ဆင့်ကဲပြတဲ့တရားလေးတွေမှာ ရုပ်ကကော့ သိလားမေးရင် . . .

' မသိပါဘူးဘုရား '

မြင်စရာအာရုံပြတာထက် အဆင်းကလည်း မသိတတ်ပါ၊ ကြားစရာအာရုံ ပြတဲ့အသံကလည်း မသိတတ်ပါ။ သူတို့ကိုလက်ခံတဲ့ မျက်စိတွေနားတွေကလည်း မသိတတ်ပါ။ အဲဒီသိတယ်ဆိုတဲ့အရာလေးက သိပြီးပျက်သွား ရှေ့တိုး ဆက်သိလားမေးတော့ . . .

' မသိပါဘူးဘုရား '

မသိပြန်ဘူး၊ ဒါ မသိနဲ့အဆုံးသတ်နေတာနော်၊ တို့ဘဝတစ်ခုလုံး လာလိုက်တာဟော့ မသိမှုနဲ့အဆုံးသတ်တဲ့အတွက်ကြောင့်မို့လို့ ဘယ်သူကစခဲ့. .

' အဝိဇ္ဇာက စခဲ့တာပါဘုရား '

နောက် ဆုံးပြန်တော့လည်း မသိမှုနဲ့ ဆုံးပြန်တယ်နော်၊ မသိမှုနဲ့စပြီး မသိမှုနဲ့ ဆုံးမှတော့ အဝိဇ္ဇာအုပ်ချုပ် အဝိဇ္ဇာနဲ့ပဲ သွားနေသမျှ သံသရာထဲမှာ တို့ဟော့ အပါယ်လေးဘုံက အမြဲနေရာ အိမ်ဂေဟာလို့ မဟောထားဘူးလား?

' ဟောထားပါတယ်ဘုရား '

ဘာကြောင့်များ မတက်နိုင်လဲမေးတော့ ကိုယ့်ကိုယ်ကို သေရဲအောင်မကြိုးစားသေးလို့ . . .

' မှန်လှပါဘုရား '

ယနေ့သူတော်စင်တွေ ဟောဒီရက်(၁၀၀)စခန်းလာဝင်တာဘာလုပ်တာ

' သေရဲအောင် လာအားထုတ်တာပါဘုရား '

အခုသေရဲပြီလား?

' သေရဲပါပြီဘုရား '

သဝေထိုးဖြုတ်ရမှာလား၊ ဘာလုပ်ရမှာလဲ။ (သေရဲတယ်)၂ ဆိုတာကိုယ့်စိတ်လေးကိုယ်ပြန်ကြည့်လေ၊ ကြိုက်စိတ်ကလည်းပဲ အာရုံလေးက (ပြတိုင်း)၂ မှာ 'သညာ'က လှည့်စားပါသွားတာပဲ။ မကြိုက်စိတ်ကိုလည်း

http://www.dhammadownload.com



အာရုံက လှည့်စားပါသွားတာပဲ။ အဲဒီလို ပါသွားတဲ့အတွက်ကြောင့်မို့လို့ ဟောဒီကြိုက်စိတ် မကြိုက်စိတ်ရဲ့ကြားထဲမှာ မသိလိုက်ပြန်တော့လည်း မောဟကလာပြန်ရော၊ အဲလိုလာတဲ့အတွက်ကြောင့်မို့လို့ အဲဒီတရားတွေ အားလုံးအပေါ်မှာ အို. . . ပြန်ကြည့်လိုက်တော့ ဘာတစ်ခုမှ မမြဲအောင် ပျက် ပျက်နေတယ်။ အဲဒီ ပျက်တဲ့တရားတွေကို ပြန်ကြည့်တော့ ကြိုက်စရာ လည်း ပျက်တယ်၊ မကြိုက်စရာလည်း ပျက်တယ်။ ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ အပျက်ပုံကြီးပါလား?

' မှန်ပါတယ်ဘုရား '

အဲဒီပျက် ပျက်နေတဲ့အတွက်ကြောင့်မို့ နှိပ်စက်တတ်လို့ ဘာသစ္စာ

' ဒုက္ခသစ္စာပါဘုရား '

ချမ်းသာလား ဆင်းရဲလား ဟေ့ . . .

' ဆင်းရဲပါတယ်ဘုရား '

အိုး. . . ကြည့်လေ တဖွဲဖွဲတသဲသဲနဲ့ ခန္ဓာကိုယ်ထဲမှာ ရစရာမရှိ အောင် မပျက်ဘူးလား?

' ပျက်ပါတယ်ဘုရား '

ကြိုက်တယ် ကြိုက်တယ်လို့ ပြောလိုက်တဲ့အရာကလည်း (တစ်စိတ်ပြီး တစ်စိတ်)[၁] မွမွကြဲအောင် ပျက်သွားတာနော်။

' မှန်ပါတယ်ဘုရား '

မကြိုက်ဘူးဆိုတဲ့တရားကလည်း (တစ်စိတ်ပြီးတစ်စိတ်)[၂] မွမွကြဲ အောင် ပျက်သလို ရုပ်တွေကကော မပျက်ဘူးလား?

' ပျက်ပါတယ်ဘုရား '

စိတ်တွေကကော မပျက်ဘူးလား?

' ပျက်ပါတယ်ဘုရား '

အို. . . ခန္ဓာကိုယ်ကြီးကတော့ အမြဲမပြတ် တရစပ် ပျက်ပျက်နေ တယ်၊ ပြိုကွဲနေပါတယ်၊ ပျက်စီးနေပါတယ်။ ဒါကြောင့် မကြာမီသေမှာဟေ့၊

http://www.dhammadownload.com



မမြဲလို့လည်း သေနိုင်သလို . . .

( ငါ၏ခန္ဓာ ဆင်းရဲပါ မကြာသေလတ္တံ့ )[၁]

ကဲ. . . ဒီခန္ဓာကိုယ်ကြီးက ချမ်းသာလား၊ ဆင်းရဲလား?

' ဆင်းရဲပါတယ်ဘုရား '

ကြိုက်စရာအာရုံလို့ ပြောပြန်တော့လည်း အဲဒီ ကြိုက်စရာအာရုံသည်ပင်၊ ကြိုက်စရာ ဘာပါလဲကြည့်တော့ ဘာတစ်ခုမှမပါဘူး၊ အဆင်းအာရုံလေးကလည်း မသိတတ်၊ ဖြစ်ပြီး . . .

' ပျက်ပါတယ်ဘုရား '

ဟောဒီ အခံမာတ်ဘက်ကလက်ခံတဲ့အရာလေးကလည်း မသိတတ်၊ ဖြစ်ပြီး. . .

' ပျက်ပါတယ်ဘုရား '

ဒါဖြင့်ရင် မသိတတ်တဲ့အရာကြီးက ဖြစ်ပျက်နေမှတော့အသုံးကျလား?

' အသုံးမကျပါဘူးဘုရား '

အသုံးမကျလို့ ကြိုက်စရာမရှိဘူးနော်။

' မှန်လှပါဘုရား '

ဒါဖြင့် ဒီဘက်က ကြိုက်စရာလို့ ထင်လိုက်တဲ့ အသိလေး တစ်ခုကလဲ သိပြီး . . .

' ပျက်ပါတယ်ဘုရား '

ရှေ့တိုးသိနိုင်လားမေးတော့ . . .

' မသိနိုင်ပါဘူးဘုရား '

နောက်တစ်အာရုံပေါ်ရင် နောက်တစ်စိတ်ကခံစား အဲဒီခံစားမှုလေး စွမ်းအားကြီးလို့ ရေလေးကရှေ့ကိုတိုးလာသလို စိတ်လေးတွေ (ဆက်ကာ)[၂] အစားထိုးနေတာနော်. . .

' မှန်ပါတယ်ဘုရား '

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ရေလောင်းရင်းနဲ့ သောတပန်တည်တယ်ဆိုတာ ခန္ဓာထဲ ဉာဏ်ရောက်တာနော်. . .

' မှန်ပါတယ်ဘုရား '

ရေကြောင်းကြည့်ပြီးရောက်တာ ဟုတ်သလားဟော့. . .

' မဟုတ်ပါဘူးဘုရား '

ရေကြောင်းလေးကြည့်တာက (ပျက်သွား)၂ပြီး အစားထိုးပုံလေးကို ဗဟိဒ္ဓအာရုံလေးက အဇ္ဈတ္တသန္တာန်ထဲသွင်းတော့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာလေးတွေသည် ကြိုက်လည်းပဲတစ်စိတ်ပြီးတစ်စိတ် ဖြစ်ပျက်နေတာ။ မကြိုက်လည်းပဲ တစ်စိတ်ပြီးတစ်စိတ် ဖြစ်ပျက်နေတာ။ အဲဒီဖြစ်ပျက်နေတဲ့ စိတ်လေးတွေကို နောက်စိတ်နဲ့အကဲခတ်ရင် ကြိုက်စိတ်လည်း ဘာတုန်း ဖြစ်ချုပ်ပဲ၊ မကြိုက်စိတ်လည်း?

' ဖြစ်ချုပ်ပါပဲဘုရား '

အဲဒီတော့ ကြိုက်မကြိုက်ဆိုတာ သူ့မှာရှိသေးလား?

' မရှိတော့ပါဘူးဘုရား '

မရှိလိုက်တဲ့ဉာဏ်လေးသာ ပေါ်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်သန္တာန် လောဘလည်း ငြိမ်းတယ်၊ ဒေါသလည်း?

' ငြိမ်းပါတယ်ဘုရား '

မောဟလည်း?

' ငြိမ်းပါတယ်ဘုရား '

အဲဒီငြိမ်းသွားတဲ့အချိန်လေး ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်စမ်းပါ။ နောက်စိတ်မပေါ်လို့ သေလည်းပဲ သေရဲတယ်၊ ဟုတ်သလား။ ဒီစိတ်ကော မပြိုကွဲဘူးလား ပြိုကွဲမှာလား?

' ပြိုကွဲမှာပါဘုရား '

http://www.dhammadownload.com



ခန္ဓာပြိုကွဲသေမှာပဲဆိုတော့ ကိုယ့်ရဲ့ဉာဏ်စိတ်လည်း ပျက်ပြီးတော့ နောက်စိတ်မလာရင် သေမှာပဲ။ ကြိုက်စိတ်လည်းပဲ၊ နောက်စိတ်မလာရင် . .

' သေမှာပါဘုရား '

မကြိုက်စိတ်လည်း နောက်စိတ်မလာရင် . . .

' သေမှာပါဘုရား '

မသိစိတ်လည်း နောက်စိတ်မလာရင် . . .

' သေမှာပါဘုရား '

ဉာဏ်စိတ်လည်း နောက်စိတ်မလာရင် . . .

' သေမှာပါဘုရား '

ဒါကြောင့်မို့လို့ သူတော်စင်များက ဘယ်စိတ်နဲ့ သေမလဲဆိုတာ လေးကြိုးစားရုံပဲ၊ ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

ကဲ. . . ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တော့ ဩော်. . . စိတ်မှန်သမျှသည် ကောင်းလည်းပျက်၊ မကောင်းလည်းပျက်၊ ဉာဏ်စိတ်လေးတောင်မှ ပျက်တာ အပျက်ပုံကြီးမို့လို့ ဆင်းရဲလိုက်တာဆိုတော့ အဲဒီ ဆင်းရဲတဲ့ခန္ဓာလေးသည်ပင် မကြာမီ ဘာဖြစ်တော့မယ်၊ သေတော့မယ်။ ဒါဆိုရင် ငါသည် ဉာဏ်စိတ်နဲ့သေချင်ပါတယ် ဆွဲထားလို့ရသလား?

' မရပါဘူးဘုရား '

ဉာဏ်စိတ်လေးနဲ့ ငါသေချင်ပါတယ် ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောလေးပါအောင် ဆောင်ထားလို့ရသလား?

' မရပါဘူးဘုရား '

လက်တွဲခေါ်လို့ကောရသလား?

' မရပါဘူးဘုရား '

ကြိုက်စိတ်လေးကိုလည်းကွာ ငါကြိုက်လှချည့်ဆိုပြီး ဖက်တွယ်ထားလို့ကောရသလား?

' မရပါဘူးဘုရား '

http://www.dhammadownload.com



မကြိုက်စိတ်ကိုလည်း သွား သွား နှင်ထုတ်လို့ရသလား?

' မရပါဘူးဘုရား '

အကြောင်းအကျိုးတွေပါ အဲဒီအကြောင်းအကျိုးထဲမှာဟော့ ရှိတာက ပြစရာ အာရုံလေးရယ် သိလိုက်တဲ့အသိရယ် ဒါပဲရှိတယ်နော်။

' မှန်လှပါဘုရား '

ပြစရာအာရုံဘက်ကလည်းပဲ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ ဘာတရားတွေ ရုပ်တရားတွေ သူတို့ပြသမျှကို သိနေတဲ့အသိလေးက

' နာမ်တရားပါဘုရား '

ခံစားတဲ့ ခံစားမှုကလည်း?

' နာမ်တရားပါဘုရား '

ကောင်းတယ် ဆိုးတယ် မှတ်သားမှုကလည်း?

' နာမ်တရားပါဘုရား '

အကောင်းအဆိုးပေါ်မှာ ပြုပြင်ပေးနေတာလည်း?

' နာမ်တရားပါဘုရား '

အို. . . ဒီတရားတွေအားလုံးသည် ငါပါလားဟေ့။

' မပါပါဘူးဘုရား '

ဒီဘက်ကပြတဲ့ အမှုအယာတိုင်းမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ၊ ဒါကလွဲလို့မရှိဘူး၊ အဲဒါတွေအားလုံးသည်ပင် ကြည့်လိုက်တော့ ရုပ်နဲ့နာမ်၊ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့အတွက် ဟောဒီအာရုံဘက်ကလည်းပဲ ငါသူတစ်ပါး ပုဂ္ဂိုလ် သတ္တဝါ မပါတဲ့အတွက် ငါ့အလို ငါ့အကြိုက် ငါ့သဘော ပါလားဟေ့ . . .

' မပါပါဘူးဘုရား '

အဲဒီလိုဆိုရင် အဲဒီပုဂ္ဂိုလ်သည် ကိုယ့်အလို ကိုယ့်အကြိုက်လုပ်လို့ မရဘူးဆိုတာ ရှင်းသွားပြီ။ ဒီဘက်က ခံစားမှုအပိုင်း မှတ်သားမှုအပိုင်း စေ့ဆော်မှုအပိုင်း၊ သိမှုအပိုင်း၊ နာမ်ပိုင်းကိုကြည့်တော့လည်းပဲ၊ မှတ်သား

http://www.dhammadownload.com



တာက သညာ၊ စေ့ဆော်တာက သင်္ခါရ၊ ပြုပြင်ပေးတာက သင်္ခါရ ဟုတ်သလား?

' မှန်ပါဘုရား '

ကဲ. . . သိတာက စိတ်၊ ခံစားတာက ဝေဒနာ၊ ဒါဖြင့်ရင် ခံစားတာက ဝေဒနာ၊ မှတ်သားတာက သညာ၊ ပြုပြင်စေ့ဆော်ပေးတာက သင်္ခါရ၊ သိတာကစိတ်၊ သူ့အလုပ်နဲ့ သူလုပ်နေတာသည် ငါပါလားဟေ့. . .

' မပါပါဘူးဘုရား '

မှတ်သားတဲ့ထဲမှာလည်းငါမပါ၊ ပြုပြင်တဲ့ထဲမှာလည်းငါမပါ၊ ခံစားတဲ့ထဲမှာလည်း ငါမပါ၊ သိတဲ့ထဲမှာလည်း ငါမပါ၊ ငါမပါတဲ့အတွက် ငါ့အလို၊ ငါ့အကြိုက်၊ ငါ့သဘောဆောင်လား?

' မဆောင်ပါဘူးဘုရား '

ဩော်. . . ဒီလိုဆိုရင် . . .

**( ငါ၏ခန္ဓာ လိုမပါ၊ မကြာသေလတ္တံ့. )**[၃]

ကဲ. . . ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီးက ကိုယ့်အလို ကိုယ့်အကြိုက်လည်း မပါဘူး၊ မကြာခင်သေရတော့မှာ။ ဟောဒီခန္ဓာကိုယ်ကြီးက ဆင်းရဲသက်သက် ဒုက္ခတုံးကြီး၊ မကြာခင်သေရတော့မှာ။ ဒီခန္ဓာကိုယ်ကြီးက မြဲတာတစ်ခုမှ မရှိ၊ မမြဲတဲ့တရားတွေနဲ့ ထုံဖွဲ့ထားတာမို့လို့ မကြာခင်သေရတော့မှာ။ အဲဒီ ပြိုကွဲပြီး ပျက်စီးနေတဲ့အသေခန္ဓာကြီးမို့လို့ ငါတို့တစ်တွေ တကယ်လို့များ ပြခဲ့တဲ့ မသိစိတ်လေးနဲ့ သေသွားရင်လည်းရှုံးတယ်၊ ကြိုက်စိတ်နဲ့သေရရင်လည်း မတန်၊ မကြိုက်စိတ်နဲ့ သေရရင်လည်းပဲ လူဖြစ်ရတာ ရှုံးပြီကွာ၊ သာသနာနဲ့ ဆုံရတာလည်း ရှုံးသွားပြီဟေ့။ အဲဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကို အဲဒီအချိန်လေး ပြန်အာရုံပြု သေရဲပါ့မလား?

' မသေရဲပါဘူးဘုရား '

ပြော်လေ . . .

' မသေရဲပါဘူးဘုရား '

http://www.dhammadownload.com



အခုတရားတွေနာတော့ မသိလာဘူးလား?

' သိလာပါတယ်ဘုရား '

တရားတွေအားထုတ်တော့ကော. . .

' သိလာပါတယ်ဘုရား '

အေ. . . အဲဒီလို သိလာတဲ့ အသိလေးရလာဖို့က ဘယ်အချိန် ကြိုးစားရမလဲမေးရင် အခုအချိန်လေးပဲ၊ အစားထိုးခွင့်ရတဲ့အချိန်လေး ကြိုးစားရမှာ ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

အဲဒီတော့ ခုနတုန်းက ရဟန်းတော်လေးမှာ ဟိုး မုန်ညင်းစေ့ကနေ စပြီးတော့ အရွယ်အစားကြီးက ဥသျှစ်သီးလောက်ကြီး ဖြစ်မနေဘူးလား?

' ဖြစ်နေပါတယ်ဘုရား '

ကြောက်စရာကောင်းလောက်အောင်ကို သူ့မှာ တညည်းညည်း တညူညူနဲ့ အနားမှာကပ်မယ့်သူတစ်ယောက်မှမရှိ၊ သေးတဲ့အရွယ်လေးကို ကြည့်ရာကနေ အနည်းငယ်လေးကြီးလာတော့ စိတ်ကကောင်းသေးလား?

' မကောင်းပါဘူးဘုရား '

ဒီအာရုံပေါ်မှာ ထပ်တလဲလဲနဲ့ သူ့မှာစွဲမြဲနေတာ၊ ဟောဒီပြနေတဲ့ သေးငယ်တဲ့အရွယ်လေးကလည်း ရုပ်ဖောက်ပြန်တာ၊ သိတဲ့တရားလား?

' မသိတဲ့တရားပါဘုရား '

' မသိတဲ့တရားလေးနော် '

' မှန်လှပါဘုရား '

နည်းနည်းလေးအရွယ်ကြီးလာတော့ကော သိသလား?

' မသိပါဘူးဘုရား '

ဒီထက်ပိုကြီးလာတဲ့ဖောက်ပြန်မှုကလည်း. . .

' မသိပါဘူးဘုရား '

http://www.dhammadownload.com



မသိမှုတွေပြနေတာ၊ အဲဒီမသိမှုတွေပြနေတဲ့ တရားပေါ်မှာ ထပ်လောင်းပြီးတော့ သိလိုက်တဲ့အသိလေးက၊ ဩော်. . . အရွယ်လေးစပြီးတော့ ငါ့မှာအနာပေါက်နေပြီ၊ အဲဒီအနာလေးကကြည့်စမ်း၊ ကြီးလာပြီဆိုတော့ ဒီအာရုံပေါ်မှာ ထပ်တလဲလဲအာရုံပြုပြီးခံစား ခံစားထဲစွဲမြဲမှု သတ္တိက စိတ်စွမ်းအားကို ကြီးစေတော့၊ စိတ်ထဲမှာ ကြည့်စမ်း သောကတွေဖြစ် မဖြစ် . . .

' ဖြစ်ပါတယ်ဘုရား '

အဲဒီမသိမှုက စခဲ့တဲ့အရာလေးသည် သိလိုက်တဲ့ခဏလေးသည် ပျက်သွားတယ်၊ ဩော်. . . ဒီ့ထက်ရှေ့တိုးမသိပါလားလို့ သူသိရဲ့လား?

' မသိပါဘူးဘုရား '

ဒါဖြင့် ဘုရားရဲ့ထံပါးမှာ ကမ္မဋ္ဌာန်းတရားတွေကို အားထုတ်ဖို့ ကြိုးစားခဲ့ပေမယ့် တကယ်ဖြစ်လာတော့ သိလားမေးတော့. . .

' မသိပါဘူးဘုရား '

မသိတဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်အခါမှာ သူ့ရဲ့သန္တာန် (သောက)[၇] တွေက မငြိမ်းနိုင်လောက်အောင်ဖြစ်သွားပြီ၊ အနာတွေက ပြည်ပေါက်ပြီး ပုပ်စော် တစ်ကိုယ်လုံးနံ့တော့ ပိုမဆိုးသွားဘူးလား?

' ဆိုးပါတယ်ဘုရား '

ကြောက်စရာကောင်းလောက်အောင်ကို နှိပ်စက်တဲ့ ဆင်းရဲဒုက္ခကြီးက ဘာရလို့ကြုံနေတာ. . .

' ခန္ဓာရလို့ပါဘုရား '

ဒီခန္ဓာကိုယ်ကြီးက နေရမှာလား သေရမှာလား?

' သေရမှာပါဘုရား '

ဒါဖြင့်ရင် တို့တွေအားလုံးက ကြိုက်မကြိုက်ကြားထဲမှာ ပျော်နေကြတာပဲ. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ပျော်နေကြတဲ့ ဟောဒီနေရာကြီးကနေ တဖြည်းဖြည်းနဲ့ ဒီခန္ဓာကိုယ်ကြီးက သက်တမ်းလေးတွေ ကုန်မလာဘူးလား?

' ကုန်လာပါတယ်ဘုရား '

ကုန်သွားတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေရဲ့သွားရာလမ်းသည် နောက်ဆုံး သင်္ချိုင်းကုန်းပဲရှိတော့တယ်နော်၊ မစွန့်ခွာခင်လေး ဘာလုပ်ရမှာ ကြိုးစားရမှာ။ အခုလည်းပဲ သူ့မှာက ဟောဒီခန္ဓာကိုယ်ကြီးသည် အရွယ်အစားတွေကြီးပြီးတော့ နှိပ်စက်ထားလို့ ပုပ်စော်တွေတစ်ကိုယ်လုံးနံ၊ သေလုမြောပါးခံနေရတဲ့ ဆင်းရဲဒုက္ခ၊ အဲဒီအချိန်အခါမှာ အော်တယ်ဟေ့၊ ညည်းညည်းညူညူနဲ့ သြော်. . . ငါ့ကို ကူညီမယ့်သူဝေးလိုက်တာ၊ ငါ့ကိုပြုစုမယ့်သူလည်း မရှိပါလားလို့ ရင်ထဲမှာပူလောင်တဲ့ ဆင်းရဲဒုက္ခ မကြီးဘူးလား?

' ကြီးပါတယ်ဘုရား '

ဒီအချိန်သေသွားရင် အသေဆိုးနော်. . .

' မှန်လှပါဘုရား '

သေရဲပါ့မလား?

' မသေရဲပါဘူးဘုရား '

ခန္ဓာကိုယ်ကြီးကရော မပျက်စီးဘူးလား?

' ပျက်စီးပါတယ်ဘုရား '

အဆုံးစွန်ဆုံးထိ ပျက်စီးသွားရင် သေတော့မှာလေ. . .

' မှန်လှပါဘုရား '

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်မှာ ထင်တဲ့အတွက်ကြောင့်မို့လို့ သွားရောက်ပြီးတော့ ကိုယ်တိုင်ပြုစုရတယ်။ အဲဒီကျမှ ရဟန်းတော်တွေ လာကြတယ်လေ၊ ဒီမှာတင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်ခွန်းတည်းပဲ ပြုစုပြီးတဲ့အခါကျတော့ သူ့ရဲ့ခန္ဓာကိုယ်လေးမှာ သရက်ခေါက်တွေကိုသွားပြီးတော့ ခွာခိုင်းတယ်၊ ရေနွေးအိုးကို ဘုရားရှင်က ကိုယ်တိုင်တည်ခဲ့ရတယ်။ နောက်တော့မှ ရဟန်းတော်တွေက ရောက်လာတဲ့အခါကျမှ ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးတဲ့အတွက်ကြောင့်မို့လို့ အဲဒီ သရက်

http://www.dhammadownload.com



ခေါက်တွေ ဆေးပြီးတော့မှ ခုနတုန်းက သက်န်းနဲ့ ဟောဒီက ပြည်တွေနဲ့ သွေးတွေနဲ့ကပ်နေတဲ့နေရာကို တဖြည်းဖြည်းနဲ့ ဖန်ရေလေးဆေး၊ ဖန်ရေလေး ဆေးပြီးတော့မှ သက်န်းတွေကိုခွာပြီးတော့မှ လျှော်ဖွတ် ခြောက်အောင်လုပ်၊ အဲဒီအနာတွေကို ဖန်ရေဆေးပြီးတော့မှ တစ်ခါ ကိုယ်အောက်ပိုင်းမှာရှိနေတဲ့ သက်န်းကို တဖြည်းဖြည်းနဲ့ကပ်တာတွေကို ဖန်ရေဆေးပြီးတော့မှခွာ၊ ခြောက်တဲ့သက်န်းလေး ပြန်ဝတ်ပေး၊ အောက်က သက်န်းကိုပြန်ခွာ၊ ခွာပြီးတော့မှ ဖန်ရေတွေဆေး၊ ပြီးတော့မှ အဲဒီသက်န်းလေးကို ခြောက် အောင် ပြန်လျှော်ပြီးတော့မှ ပြန်ဝတ်ပေးတော့ ကပ်နေတဲ့အနာတွေနဲ့ စွဲကပ်နေတဲ့ ခွာမရအောင်ဒုက္ခကြီးထဲက လွတ်မသွားဘူးလား?

' လွတ်သွားပါတယ်ဘုရား '

ပထမ ဒုက္ခဆင်းရဲကြုံတုန်းကလည်း သူဆင်းရဲထဲမှာ ရင်ထဲမှာ လောင်မြိုက်တဲ့အပူတွေ ဒီအချိန်သေသွားရင်လည်း ကြောက်စရာနော်။ အဲဒါ လေးကို ခွာနိုင်တဲ့ခဏလေးမှာလည်းပဲ ငါ့ရဲ့အနာလေး သက်သာသွားပြီဆို ပျော်နေရင်လည်း တခြားသော ကြိုက်စိတ်လား?

' ကြိုက်စိတ်ပါဘုရား '

ကြိုက်စိတ်နဲ့သေရင်လည်း ဘဝဆိုးတယ်. . .

' မှန်လှပါဘုရား '

ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

အဲဒီတော့ သူ့ရဲ့သန္တာန်မှာ ကြည်လင်လာတဲ့ အသိတရားလေး ခဏ လေးကိန်းတော့ ဘုရားရှင်က ဟောပေးတယ်၊ "ချစ်သား" တဲ့၊ သင့်ရဲ့ခန္ဓာ ကိုယ်ကြီးသည် ဟောဒီဝိညာဉ်လေး ထင်လင်းရှိနေသေးလို့ တန်ဖိုးရှိနေတာ။ တစ်နည်းပြောရင် စိတ်လေးတွေ အစားထိုးနေလို့ ဝိညာဉ်ဆိုတဲ့ စိတ်လေးသာ အစားမထိုးလို့ သေသွားရင် ခန္ဓာကြီး တန်ဖိုးရှိဦးမလား?

' မရှိပါဘူးဘုရား '

http://www.dhammadownload.com



အခု တန်ဖိုးဘာကြောင့်ရှိလဲမေးရင် ဝိညာဉ်လေးရှိနေသေးလို့။ အဲဒီ ဝိညာဉ်လေးက ကြိုက်စိတ်တွေ မကြိုက်စိတ်တွေ မပြဘူးလား၊ ပြနေလား?

' ပြနေပါတယ်ဘုရား '

ဒါပေမယ့် အဲဒီစိတ်လေးတွေရှင်းတုန်းမှာ တကယ်လို့ ကိုယ်က ကြိုးစားနိုင်ရင် လွတ်လမ်းကျွတ်လမ်းလေး ရနိုင်တဲ့အခွင့်အရေးလေးကို မြတ်စွာဘုရားက ဝိညာဉ်လေးရှိတုန်း တန်ဖိုးရှိနေတာ။ ဒါကြောင့်မို့လို့ ဟောဒီ ခန္ဓာကိုယ်ကြီးရှိတုန်းလေးကို အသုံးပြုပြီးတော့ အကျိုးရှိအောင်အသုံးချ။ ဘာလုပ်အောင်. . .

' အကျိုးရှိအောင် အသုံးချရမှာပါဘုရား '

အကျိုးရှိအောင် အသုံးချဆိုတာက ဟောဒီ ကြိုက်စိတ် မကြိုက်စိတ်သည် ဒီခန္ဓာမှာပြနေတယ်၊ အရွယ်အစားအမျိုးမျိုးပေါ်မှာ ဖြစ်ပေါ်ခဲ့တယ်၊ တကယ်လို့ အဲဒါကြီးက ကြီးသွားလို့ ပျောက်သွားရင် ရင်ထဲ မချမ်းသာ ဘူးလား?

' ချမ်းသာပါတယ်ဘုရား '

မပျော်သွားဘူးလား?

' ပျော်သွားပါတယ်ဘုရား '

အဲဒီအာရုံလေးက (ထပ်ကာ)၂ ပြလို့စွဲမြဲသွားတဲ့ အစွဲလေးက စိတ်စွမ်းအားကြီးသွားတာပဲ၊ ကြီးသွားလို့ သာယာသွားရင် ဘယ်သူလာလဲ?

' တဏှာလာမှာပါဘုရား '

တဏှာလာတာပဲ၊ ဒီအာရုံတွေပေါ်တုန်းက မကြိုက်တာက ဒေါသ၊ သောက ပရိဒေဝတွေ မလောင်ဘူးလား?

' လောင်ပါတယ်ဘုရား '

ဒီအချိန်သေရရင်တော့ အပါယ်သွားရမှာနော်. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ဒီစိတ်နဲ့သေရမှာ အကြောက်ဆုံး ဟုတ်သလား?

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သားရေ' သင်ရဲ့ ခန္ဓာကိုယ်ကြီး ဝိညာဉ်ထင်လင်းရှိစဉ်တုန်းမှာ တန်ဖိုးရှိနေတာ၊ ဒါကြောင့်မို့လို့ ဟောဒီခန္ဓာကိုယ်ကြီးကို အကျိုးရှိဖို့အတွက်ကို သင်သည် ဟောဒီဝိညာဉ်လေး ရှိတုန်းမှာ အသုံးချစမ်းပါ။ တန်ဖိုးရှိအောင် အကျိုးရှိအောင် အသုံးချ၊ တခြားကြည့်ခိုင်းတာလား၊ ခန္ဓာထဲ ကြည့်ခိုင်းတာလား?

'ခန္ဓာထဲကြည့်ခိုင်းတာပါဘုရား'

ခန္ဓာထဲကြည့်ခိုင်းတော့ ဟောဒီခန္ဓာကိုယ်ကြီးမှာ ဖောက်ပြန်နှိပ်စက်နေတဲ့အနာတွေမှန်သမျှသည် မိမိခန္ဓာရှိရင် ရှောင်လို့ရမလား?

'မရပါဘူးဘုရား'

ကိုယ်ရှိရင် အနှိပ်စက်မခံရဘူးလား?

'ခံရပါတယ်ဘုရား'

နှိပ်စက်တတ်လို့ ဘာသစ္စာ...

'ဒုက္ခသစ္စာပါဘုရား'

တစ်ခြားရလို့လား၊ ခန္ဓာရလို့လား?

'ခန္ဓာရလို့ပါဘုရား'

အေး...နှိပ်စက်တတ်တဲ့တရားတွေနဲ့ ကြုံတွေ့နေရတဲ့ ဒီခန္ဓာကိုယ်ကြီး ဝိညာဉ်ရှိနေသေးလို့ တန်ဖိုးရှိနေသေးတယ်။ အဲဒီတန်ဖိုးရှိတဲ့ အသိလေးကို သင့်သန္တာန်ကိန်းအောင် ဟောဒီ နာတတ်တဲ့တရားလေးသည် ခန္ဓာရှိရင် နာမယ်၊ နာတဲ့တရားက ရုပ်တရား၊ သိတတ်လားမေးရင်

'မသိတတ်ပါဘူးဘုရား'

မသိတတ်ရင် သူ့မှာ ဒေါသကောဖြစ်မလား?

'မဖြစ်ပါဘူးဘုရား'

http://www.dhammadownload.com



ဟော. . . လောဘကော်ဖြစ်မလား?

' မဖြစ်ပါဘူးဘုရား '

ဒါဖြင့်ရင် ဒီရုပ်တရားလေးက ဘာမှမသိတတ်တဲ့အရာဟုတ်သလား?

' မှန်လှပါဘုရား '

ဖောက်ပြန်နေတဲ့တရားတွေက ဖောက်ပြန်လိုက် ဘာဖြစ်လိုက်. .

' ပျက်ဆီးလိုက်ပါဘုရား '

နောက်တနာလေးပေါ်တော့၊ တနာလေးပေါ်ပြန်ပြီ၊ ပြီးတော့. . .

' ပျက်သွားပါတယ်ဘုရား '

နောက်တနာအစားထိုးတော့ အစားထိုးပြီး၊ ပြီးရင်. . .

' ပျက်သွားပါတယ်ဘုရား '

နောက်တစ်နာ အစားထိုးပြန်ပြီ. . .

' ပျက်သွားပါတယ်ဘုရား '

ဒါဖြင့်ရင် ဒီနာတာ နာတာလေးက (ဆက်ကာ)၂ ပြနေတာသည် တစ်ရုပ်ပြီးတစ်ရုပ် ဖောက်ပြန်နှိပ်စက်နေတာ၊ ဖောက်ပြန်နှိပ်စက်နေတဲ့ ရုပ်လေးတွေက ရှေ့ရုပ်လေးတွေလည်း မြဲလား?

' မမြဲပါဘူးဘုရား '

နောက်အစားထိုးတဲ့ရုပ်ကော မြဲရဲ့လား?

' မမြဲပါဘူးဘုရား '

ဒါကြောင့်မို့လို့ ခန္ဓာကပြိုကွဲပျက်စီးနေတယ်၊ အဲဒီပျက်စီးနေတာကို နောက်ရုပ်အစားမထိုးရင် သေမှာ။ အဲဒီတော့ တစ်ရုပ်က ဖောက်ပြန်တာကို တစ်သီကော မလိုက်ဘူးလား?

' လိုက်ပါတယ်ဘုရား '

ဒီတစ်ရုပ်ချုပ်ရင် ဒီတစ်သီကော မချုပ်ဘူးလား?

' ချုပ်ပါတယ်ဘုရား '

http://www.dhammadownload.com



ဒီတစ်ရုပ်နာတာလေးကပေါ်ရင် တစ်ခံစား မပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

တစ်နာချုပ်ရင် တစ်ခံစားမချုပ်ဘူးလား?

' ချုပ်ပါတယ်ဘုရား '

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ကြည့်စမ်းပါ၊ ဘယ်နေရာများ တို့တွေ အားလုံးက သာယာဖွယ်ရှိသလဲလို့ ကြည့်လိုက်တော့ရုပ်တရားမှာလည်း သာယာဖွယ် မရှိဘူး၊ ခံစားတဲ့ဘက်မှာလည်း သာယာဖွယ်မရှိဘူး၊ မှတ်သားတဲ့ဘက်မှာလည်း ချစ်စရာကြိုက်စရာ . . .

' မရှိပါဘူးဘုရား '

ဘာဖြစ်လို့လဲမေးတော့ ဖြစ်ပြီးရင် . . .

' ပျက်လို့ပါဘုရား '

အို. . . တစ်ဖြစ်ထဲဖြစ်၊ တစ်ပျက်ထဲပျက်နေတဲ့တရားတွေကို တို့ဘာကြောင့်များကြိုက်နေသလဲမေးရင် ဘယ်သူ့ကြောင့်တုန်း . . .

' အဝိဇ္ဇာကြောင့်ပါဘုရား '

မသိမှုကြောင့်ဘဲ ဟုတ်ကောဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

အဲဒီမသိမှုဆိုတဲ့ တရားလေးက ဘာလဲမေးတော့ သိတာနဲ့သူက ချုပ်သွားပြီ၊ ဆက်ပြီးတော့ တိုးမသိဘူး၊ အဲဒီတိုးမသိတဲ့အရာလေးရဲ့ သူ အလုပ်လုပ်ပုံလေးကို မြင်အောင်လို့ မြတ်စွာဘုရားက ဝိဇ္ဇာဉာဏ်မျက်လုံး တပ်လိုက်တယ်။ ဟော့. . နာတာလေးက၊ မင်းကွာ နာပဲနာတတ်တာ၊ ဘာမှမလုပ်တတ်ဘူး ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

ဒီကိုယ်ပေါ်မှာကလည်း အခံဓာတ်လေးက အနှိပ်စက်သာခံနေရတာ ဘာမှမလုပ်တတ်ဘူး ဟုတ်သလား၊ သူတို့ရဲ့လုပ်ပုံလေးကို ဒီစိတ်လေးက သိတာသိတယ်၊ ဘာမှမလုပ်တတ်ဘူး။ ဒါကြောင့်မို့လို့ သူတို့ဘာမှမလုပ်တတ်

http://www.dhammadownload.com



ပုံလေးကို နောက်စိတ်နဲ့အကဲခတ်၊ ဘာနဲ့အကဲခတ်ရ . . .

' နောက်စိတ်နဲ့ အကဲခတ်ရမှာပါဘုရား '

နောက်စိတ်နဲ့ အကဲခတ်လိုက်တော့ ဖောက်ပြန်တဲ့နာမှုလေးက ဖောက်ပြန်လိုက် . . .

' ပျက်စီးလိုက်ပါဘုရား '

ဟောဒီ အခံဓာတ်လေးကလည်းပဲ အတိုက်ခံရင်းနဲ့ ပျက်စီးနေတာ၊ နာမှုလေးကလည်းပဲဟော့ နာရင်းနဲ့ . . .

' ပျက်စီးနေတာပါဘုရား '

အဲဒီနာမှုလေးက ဟောဒီ အခံဓာတ်ပေါ်မှာ နှိပ်စက်ရင်းနဲ့. . .

' ပျက်စီးနေတာပါဘုရား '

ဒါဖြင့် အခံဓာတ်ဘက်ကလည်း အနှိပ်စက်ခံရင် ပျက်ဆီးနေတာ၊ သူကလည်း နှိပ်စက်ရင်းနဲ့ ပျက်စီးနေတာ။ အဲဒါကို သိသိနေတဲ့ သိတဲ့ သဘောကလည်း သိရင်းနဲ့ ပျက်စီးနေတာ၊ ကိုယ့်တစ်ကိုယ်လုံးမှာ ဘာရှိလဲ၊ ဖြစ်ပြီးရင်. .

' ပျက်ပါတယ်ဘုရား '

ဒါလေးကို သိအောင်ကြည့်တာပဲ၊ အဲဒါလေးကို သိအောင်ကြည့်တဲ့ ဟောဒီဉာဏ်လေးသာပေါ်၊ ဒီဉာဏ်က အဲဒီအသိလေးတွေ(သိတိုင်း)၂ ဟော ဒီဖောက်ပြန်မှုလေးတွေ(ပြတိုင်း)၂ အခံဓာတ်ဘက်က အာရုံလေး(ပြတိုင်း)၂ ဘာတစ်ခုမှမမြဲပါလားလို့ ဉာဏ်ရောက်တဲ့အသိလေးသာကြည့်၊ လောဘ လာလား?

' မလာပါဘူးဘုရား '

ဟော. . . ဒါကြီးက ကြိုက်စရာလို့လည်းမပြောဘူး၊ မကြိုက်စရာလို့ လည်း မပါတော့ဘူး၊ ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

http://www.dhammadownload.com



ဒီဖိစီးမှုမှာလည်း ကြိုက်စရာ၊ မကြိုက်စရာပါသလား?

' မပါပါဘူးဘုရား '

မပါဘူးဆိုရင် ကြိုက်မကြိုက်ကလွတ်လိုက်တဲ့ အခိုက်အတန့်လေးသည် မရှိမပဋိပဒါ၊ ဘာဖြစ်လို့ မရှိမပဋိပဒါလဲမေးတော့ ကြိုက်စရာလည်းမရှိ၊ မကြိုက်စရာလည်းမရှိ ဒါလေးကို သိနေတဲ့အသိလေးက " ဉာဏ် "၊ သိနေတဲ့ အသိလေးက. .

' ဉာဏ်ပါဘုရား '

ကြိုက်စရာကိုလည်းမသိ၊ မကြိုက်စရာကိုလည်း မသိတာက အဝိဇ္ဇာ၊ ကဲ. . . ကြိုက်စိတ်ကော မပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

မကြိုက်စိတ်ကော မပေါ်ဘူးလား?

' ပေါ်ပါတယ်ဘုရား '

အဲဒီနှစ်ခုကလည်းပဲ ဖြစ်ပြီးပျက်တာ၊ ဘာမှမသိလိုက်ရင် အဝိဇ္ဇာ ဟုတ်သလား?

' မှန်လှပါဘုရား '

အခုတော့ဟော့. . . ဒါသည် ကြိုက်စရာလည်းမဟုတ်၊ မကြိုက်စရာလည်းမဟုတ်၊ သူ့ရဲ့သဘောလေးက သိပြီးရင်. . .

' ပျက်ပါတယ်ဘုရား '

ဒီဘက်ကနာပြီးရင် . . .

' ပျက်ပါတယ်ဘုရား '

ဟောဒီခန္ဓာကလည်း အနှိပ်စက်ခံပြီးရင် . . .

' ပျက်ပါတယ်ဘုရား '

ဩော်. . အနှိပ်စက်ခံရင်းနဲ့ ပျက်နေတာလေး သူကလည်း နှိပ်စက်ရင်းနဲ့ . . .

' ပျက်နေပါတယ်ဘုရား '

http://www.dhammadownload.com



ဒီဘက်ကလည်း သေရင်းနဲ့ . . .

' ပျက်နေပါတယ်ဘုရား '

အေး . . ထင်ရှားတာပေါ်တာရှုတာ တခြားလား ဝိပဿနာလား?

' ဝိပဿနာပါဘုရား '

ဒါဖြင့်ရင် ဉာဏ်လေးနဲ့ပေါ်အောင်ကြည့်ပေါ့ . . .

' မှန်လှပါဘုရား '

အဲဒီဉာဏ်လေးနဲ့ကြည့်လိုက်တဲ့အခါမှာ ကိုယ့်ခန္ဓာထဲမှာ ပြနေတဲ့ တရားက (ဖောက်ပြန်လိုက် ပျက်စီးလိုက်)၂ ဒီဘက်က အခံဓာတ်ကလည်း အနှိပ်စက်ခံရင်းနဲ့ ပျက်စီးနေတယ်၊ ပျောက်ပျက်နေတယ်၊ ကုန်ဆုံးနေတယ်။ အဲဒါလေးကို သိနေတဲ့အသိကလည်း (တစ်သိ သိလိုက် ပျက်သွားလိုက်)၂ ဘာတစ်ခုမှ ရစရာမရှိအောင် ပျက် ပျက်နေတဲ့အရာလေးကို နောက်စိတ်နဲ့ အကဲခတ်တော့ သိသိ သိသိ သွားပြီး အဲဒီသိတဲ့ အသိလေးသည် မသိမှု အဝိဇ္ဇာကို ချုပ် မချုပ်. . .

' ချုပ်ပါတယ်ဘုရား '

ဟော. . . သိတဲ့တရားက ပျက် ပျက်နေတာကို မြင်တဲ့အတွက် ကြိုက်စိတ်ကော ရှိသလား?

' မရှိတော့ပါဘူးဘုရား '

လောဘလေး ပယ်သွားပြီ၊ မကြိုက်စိတ်ကော ရှိသလား?

' မရှိပါဘူးဘုရား '

ဒေါသလည်း?

' ပယ်ပါတယ်ဘုရား '

ဒါဖြင့် လောဘ, မောဟ, ဒေါသတွေ မပယ်လိုက်ဘူးလား?

' ပယ်လိုက်ပါတယ်ဘုရား '

ပယ်လိုက်တဲ့ အဲဒီစိတ်လေးသည် နောက်စိတ်မပေါ်ရင် . . .

' ပျက်မှာပါဘုရား '

http://www.dhammadownload.com



သူလည်း ပျက်မှာပဲလေ၊ မပျက်ဘူးလား ပျက်မှာလား?

‘ ပျက်မှာပါဘုရား ’

ဟောဒီ သိတဲ့ဉာဏ်စိတ်ကလည်း ပျက်မှာ၊ ဒါကြောင့်မို့လို့ တို့တွေ သည် ဟောဒီခန္ဓာကိုယ်ကြီးကတော့ အချိန်မရွေးပြိုကွဲမှာ၊ ပြိုကွဲမှာဖြစ်တဲ့ အတွက်ကြောင့် အချိန်မရွေးသေမှာ၊ ဒီဉာဏ်စိတ်နဲ့သေရင် သေရဲတယ် ဟုတ်ရဲ့လားဟေ့၊ ဘာစိတ်နဲ့သေရင်. . .

‘ ဉာဏ်စိတ်နဲ့ သေရင်ပါဘုရား ’

ဒါဖြင့်ရင် ဒီဉာဏ်စိတ်လေးနဲ့သေဖို့အတွက်က ပြတဲ့တရားလေးပေါ် အမှန်မြင်အောင်ကြည့်လေ. . .

‘ မှန်လှပါဘုရား ’

ဘယ်ဘက်ကခေါ်ခေါ် ကြည့်လိုက်စမ်းပါ၊ အဲဒီလိုကြည့်လိုက်တဲ့ နေရာမှာ သိတတ်တဲ့တရား၊ မသိတတ်တဲ့တရား နှစ်မျိုးပဲနော်. . .

‘ မှန်လှပါဘုရား ’

မသိတတ်တဲ့တရားက ရုပ်ဘက်ကမသိတတ်၊ သိတတ်တဲ့ တရားက နာမ်ဘက်ကသိတတ်တယ်၊ သို့သော်လည်း သိပြီးတော့ . . .

‘ ပျက်သွားပါတယ်ဘုရား ’

ရှေ့ဆက်တိုးသိသလားမေးတော့ . . .

‘ မသိပါဘူးဘုရား ’

အဲဒါလေးကို သိဖို့အတွက် ဉာဏ်မျက်လုံးတပ်ပေးနေတာ။ ဉာဏ် မျက်လုံးတပ်လို့ ဉာဏ်မျက်လုံးနဲ့တပ်ကြည့်လိုက်ရင် သိစိတ်လည်းပျက်၊ ဒီဘက် မသိတတ်တဲ့ ရုပ်တရားလည်းပျက်။ အို. . . (ပျက်)[၄] နေတာ ဘာသစ္စာ. . .

‘ ဒုက္ခသစ္စာပါဘုရား ’

ရုပ်တရားကလဲ နှိပ်စက်ပြီးတော့ ပျက်နေတာ ဒုက္ခသစ္စာ၊ အခံခာတ် ကလည်း အတိုက်အခိုက်ခံရင်းနဲ့ ပျက်စီးနေတာ ဒုက္ခသစ္စာ၊ နှိပ်စက်နေတာ

http://www.dhammadownload.com



လည်း ခန္ဓာ၊ အနှိပ်စက်ခံနေရတာလည်း?

' ခန္ဓာပါဘုရား '

ဘာသစ္စာ. . .

' ဒုက္ခသစ္စာပါဘုရား '

ဒီလိုဆိုရင် မိမိတို့ရဲ့သန္တာန်မှာ အဲဒီသိမှုလေးကလည်း သိရင်းနဲ့ပျက်သွားတာ၊ ရှေ့ကိုမတိုးဘူး၊ မသိမှုအဝိဇ္ဇာကလည်း မနှိပ်စက်ဘူးလား?

' နှိပ်စက်ပါတယ်ဘုရား '

မသိမှုအဝိဇ္ဇာ နှိပ်စက်တဲ့အတွက်ကြောင့် ဒီအာရုံလေးကို (ထပ်ကာ)၂ ကောင်းလို့ သတ်မှတ်လိုက်တာနဲ့ ကြိုက်ပြန်ရော၊ ကြိုက်စိတ်ကလည်း နှိပ်စက်ပြန်ပြီ၊ ကြိုက်စိတ်က ဘယ်လိုနှိပ်စက်လည်း ပူလောင်မှုတွေပေးတယ်လေ၊ သူတော်စင်များကို လောဘမီးတွေက တငြီးငြီး တောက်လိုက်တဲ့အတွက် ကြောင့်မို့လို့ မရ ရအောင်ကြိုးစားကြပြီ၊ ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

ဒီတစ်ခုကို လိုချင်တပ်မက်ပြီဆိုရင် နည်းမျိုးစုံနဲ့ မကြိုးစားဘူးလား?

' ကြိုးစားပါတယ်ဘုရား '

အဲဒီကြိုးစားနေတာက အေးငြိမ်းလား၊ ပူလောင်လား?

' ပူလောင်ပါတယ်ဘုရား '

ကိုယ်ကော ပင်ပန်း မပင်ပန်း. . .

' ပင်ပန်းပါတယ်ဘုရား '

စိတ်ကော လောင်ကျွမ်း မလောင်ကျွမ်း. . .

' လောင်ကျွမ်းပါတယ်ဘုရား '

သေရင်လည်း တခြားလား အပါယ်လေးပါးလား?

' အပါယ်လေးပါးပါဘုရား '

http://www.dhammadownload.com



အိုး. . . ကြောက်စရာကောင်းလောက်အောင်ကို အဲဒီစိတ်မျိုးနဲ့ တို့တွေ ဘယ်တော့မှ မသေစေနဲ့ ဟုတ်သလား ဟေ့ . . .

' ဟုတ်ပါတယ်ဘုရား '

အဲဒီလိုမျိုးဆိုရင် ဪ . . ဒါလေးနဲ့ မသေစေရင် (တစ်ခါ)၂ ထပ်ပြီးတော့မှ ဒီအာရုံမကြိုက်ဘူးကွာဒီအာရုံကြိုက်ရင်တို့ဒုက္ခရောက်မှာ၊ အပါယ်လေးဘုံသွားရမှာ၊ ဒါကြောင့်မို့လို့ တို့ဒီစိတ်နဲ့မနေဘူး၊ အဲဒါကို မကြိုက်ဘူးကွာ၊ မကြိုက်ပြန်တော့လည်း မကြိုက်စိတ်လေးလာမယ်၊ အာရုံကောင်းတာလေးကို ဖျက်ဆီးပစ်လိုက်ပြီနော်၊ မကောင်းတဲ့အာရုံလေးကို (မကြိုက်ဘူး)၂ နဲ့ သွားတာက မကြိုက်စိတ်၊ မကြိုက်စိတ်က ဒေါသ ဟုတ်သလား?

' ဟုတ်ပါတယ်ဘုရား '

အဲဒီမကြိုက်စိတ်လေးနဲ့ ကိုယ်ကနေပြန်တော့လည်း ဒီမကြိုက်စိတ်နဲ့ ပြုတဲ့ကံတွေမှန်သမျှ ကမ္မဘဝပစ္စယာ . . .

' ဇာတိပါဘုရား '

အပါယ်လေးဘုံရောက်ထဲ မချပြန်ဘူးလား?

' ချပါတယ်ဘုရား '

ဒါဖြင့်ရင် မကြိုက်စိတ်နဲ့သွားပြန်တော့လည်း လမ်းကောင်းဟုတ်ရဲ့လားဟေ့. . .။

' မဟုတ်ပါဘူးဘုရား '

ဟော. . . ဒီမကြိုက်စိတ်ကလည်း အခုဖြစ်. . .

' အခုပျက်ပါတယ်ဘုရား '

ခန္ဓာပြိုက်ကွဲ သေမှာပဲဆိုတာ သေချာတယ်နော်. . .

' မှန်လှပါဘုရား '

အဲဒီစိတ်နဲ့သေရင်လည်း ဘဝရှုံးတယ်။ ဒါကြောင့် ကောင်းစိတ်နဲ့ သေလည်း ရှုံးတာပဲ၊ မကောင်းစိတ်နဲ့သေလည်း ရှုံးတာပဲ။ ဒါကြောင့်မို့လို့

http://www.dhammadownload.com



ကောင်းစိတ်လည်း ဖြစ်ပျက်၊ မကောင်းစိတ်လည်း ဖြစ်ပျက်၊ သိတဲ့ဉာဏ် လေးနဲ့ ကိုယ့်သန္တာန်မှာ ရအောင်ကြိုးစားလိုက်၊ အဲဒီကြိုးစားလိုက်တဲ့ ဉာဏ်လေးသည်ပင် ကိုယ့်ကို မကယ်ဘူးလား ကယ်မလား?

' ကယ်ပါတယ်ဘုရား '

ဒါကြောင့်မို့လို့ ဒီတစ်ချက်လေးကို ဘုရားရှင်က အဲဒီ ဝိညာဉ် ထင်လင်းရှိတုန်း ဒီခန္ဓာကြီးကို အသုံးပြုပြီးတော့ အကျိုးရှိအောင် အသုံးချ အသုံးချဆိုတော့ ပထမတုန်းက ဟောဒီ တိဿရဟန်းတော်လေးသည် နာကျင်နှိပ်စက်မှုလေးတွေအောက်မှာ လူးလိမ့်အောင် ခံခဲ့ရတယ်၊ သောက ပရိဒေဝ တွေလောင်မြိုက်ခဲ့တယ်၊ အဝိဇ္ဇာဖုံးမှုအောက်မှာ နစ်မြုပ်ခဲ့ရတယ်၊ သေရင် ကြောက်စရာကောင်းတယ်နော်။ ဒါကြောင့်မို့လို့ သေရဲအောင် ဘုရား မသင်ပေးဘူးလား?

' သင်ပေးပါတယ်ဘုရား '

မသေရဲရင်တော့ သဝေထိုးလေးဖြုတ်ပြီးတော့ သရဲဖြစ်ဖို့သေချာ တယ်နော်. . .

' သေချာပါတယ်ဘုရား '

အခုတော့ သဝေထိုးလေးတပ်ပြီးတော့မှ သေရဲအောင်ကြိုးစားတာ ဘာပေါ်အောင်. . .

' ဉာဏ်ပေါ်အောင်ပါဘုရား '

ဉာဏ်ပေါ်အောင်ကြိုးစားလိုက်တဲ့အတွက် ဟောဒီ နာတာလေးက ကိုယ်မှာပေါ် ကိုယ်မှာချုပ်၊ ကိုယ်ပေါ်မှာပေါ် ကိုယ်ပေါ်မှာချုပ်၊ ရုပ် ဖောက် ပြန်နှိပ်စက်နေတယ်၊ ဖြစ်ပြီးပျက်နေတယ်၊ အမှန်လေးမြင်သွားပြီ ဟုတ် သလား?

' ဟုတ်ပါတယ်ဘုရား '

မသိတတ်တဲ့ ရုပ်ပေါ်မှာ သိတတ်တဲ့ အသိလေးက လိုက် လိုက်တယ်၊ အဲဒီ လိုက် လိုက်တဲ့အသိလေးပင် ဩော်. . . ဒါကဖောက်ပြန် ပျက်စီးတာပဲ၊

http://www.dhammadownload.com



ငါလည်းမဟုတ် သူလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဒါကြောင့်မို့ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ အစိုးမရတဲ့ကိုယ်လို့ ကိုယ့်အကြိုက် မလိုက်တဲ့တရား မြင်မသွားဘူးလား?

' မြင်သွားပါတယ်ဘုရား '

နာတာကို မနာအောင်လုပ်လို့ရလား?

' မရပါဘူးဘုရား '

နာတာကိုလည်းပဲ ကိုယ်ကဝင်ပြီး ရှုပ်လို့ရလား?

' မရပါဘူးဘုရား '

အကြောင်းရှိရင်နာမယ်၊ အကြောင်းကုန်ရင်ပျက်မယ်။ ဒီသဘောလေးကို မြင်သွားတာ တခြားလား ဉာဏ်လား?

' ဉာဏ်ပါဘုရား '

ပထမတော့ နာတာလေးသိတယ်၊ ရှေ့ဆက်မသိဘူးနော်၊ နောက်တစ်နာ နာတယ် သိတယ်၊ ရှေ့ဆက်မသိဘူး၊ ဒါဖြင့် တစ်သိပြီး တစ်သိတော့ သိမသွားဘူးလား?

' သိသွားပါတယ်ဘုရား '

အဲဒီအသိလေးတွေက ရှေ့ဆက်သိလားမေးတော့ . . .

' မသိပါဘူးဘုရား '

အခုတော့ ရှေ့ဆက်သိအောင်ပြောလိုက်ပြီ၊ နာတာလေးက နာပြီးရင် ဘာဖြစ်တုန်း . . .

' ပျက်ပါတယ်ဘုရား '

ငါလည်းမဟုတ် သူလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ငါ့ကိုယ်ငါ့ဟာ နာတာမဟုတ်၊ ဖောက်ပြန်ပျက်စီးတာ။ ဒီတစ်သိလေး သိသွားတာက တခြားလား ဉာဏ်လားဟေ့ . . .

' ဉာဏ်ပါဘုရား '

ဒါဖြင့် နာမှုအပေါ်မှာ သောကဖြစ်သလား?

http://www.dhammadownload.com



'မဖြစ်ပါဘူးဘုရား'

အဲဒီနာမ္မလေးတွေလျော့သွားပြန်တယ်၊ လျော့သွားရင်းနဲ့လည်း ဖောက်ပြန်ပျက်စီးနေတယ်။ ဒါလေးကို မြင်တော့လည်းပဲ လျော့သွားမှု ပေါ်မှာ ကြိုက်တာပါလား?

'မပါပါဘူးဘုရား'

အိုး. . . ကြိုက်စိတ်လည်းမရှိ၊ မကြိုက်စိတ်လည်းမရှိ၊ လွတ်မြောက် နေတဲ့အရာလေး မရှိမပဋိပဒါက သူ့သဘောအမှန်ကိုမြင်သွားပြီလေ။ အဲဒီ လို မြင်သွားတဲ့အတွက် ဒီတရားလေးတွေက ကိုယ်ပေါ်မှာပေါ် ကိုယ်ပေါ်မှာ ပျက်၊ ခံစားတဲ့တရားကလည်း စိတ်မှာပေါ် စိတ်မှာပျက်၊ ဒီသဘောလေးတွေ ကို မြင်အောင်ကြည့်သွားတဲ့အတွက် တိဿရဟန်းတော်လေး ကြည့်စမ်း မသေခင်လေးမှာကြည့် ဝိညာဉ်လေးကို ထင်လင်းရှိစဉ်လေးမှာ ကိုယ်ကို အသုံးပြုပြီးတော့ အကျိုးရှိအောင် အသုံးချသွားတာ၊ ရဟန္တာဖြစ်ခဲ့ပါပြီ၊ ဘာဖြစ်သွား . .

'ရဟန္တာဖြစ်သွားပါတယ်ဘုရား'

ရဟန္တာဘာကြောင့်ဖြစ်၊ မိမိသန္တာန်လေးမှာ ဉာဏ်စိတ်လေးနေရာယူ သွားတာ၊ ပထမတုန်းက မကြိုက်စိတ်၊ ကြိုက်စိတ်၊ မသိစိတ်တွေနဲ့ ရှုပ်မနေ ဘူးလား?

'ရှုပ်နေပါတယ်ဘုရား'

အခုတော့မသိစိတ်လည်းပဲ ဖယ်ပစ်လိုက်ပြီ၊ မကြိုက်စိတ်ကိုလည်းပဲ ကွယ်ပလိုက်ပြီ၊ ကြိုက်စိတ်တွေကိုလည်းပဲ ဝင်ခွင့်မပေး၊ သူ့သဘောလေးကို စောင့် ကြည့်ပြီးတော့ ဖြစ်တာနဲ့ . . .

'ပျက်တာပါဘုရား'

ဒါဖြင့်ရင် အိုနာသေခြင်း ကုန်ပျက်ခြင်းဆိုတာ ဟောဒီခန္ဓာထဲမှာ မရှိဘူး လား?

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



ဖြစ်ပြီးပျက်တာလည်း ခန္ဓာထဲမှာ မရှိဘူးလား?

' ရှိပါတယ်ဘုရား '

အဲဒီဖြစ်နေ ပျက်နေ အိုနာ သေနာ ပျက်နေတဲ့ ကွဲပျက်ခြင်းတွေသည် ကိုယ့်သန္တာန် တစ်ကိုယ်လုံးမှာ နှိပ်စက်တတ်လို့ ဘာသစ္စာ. . .

' ဒုက္ခသစ္စာပါဘုရား '

ဟော. . . ဖြစ်ပြီးပျက်လို့လည်း ဘာသစ္စာ. . .

' ဒုက္ခသစ္စာပါဘုရား '

ဝိညာဉ်လေးမှာ အသုံးချတဲ့ဉာဏ်လေးက ကိုယ့်သန္တာန်တည်သွားတဲ့အတွက် ဒီဉာဏ်ဘာသစ္စာ. . .

' မဂ္ဂသစ္စာပါဘုရား '

မသိစိတ်လာသေလား?

' မလာတော့ပါဘူးဘုရား '

ကြိုက်စိတ်လာသေးလား?

' မလာတော့ပါဘူးဘုရား '

မကြိုက်စိတ်လာသေလား?

' မလာတော့ပါဘူးဘုရား '

ဒါတွေအားလုံးကို ပယ်လိုက်တာ ဘာသစ္စာ သေတာ. . .

' သမုဒယသစ္စာသေတာပါဘုရား '

ဒါကြောင့် နောင်သံသရာမှာ ဇာတိသိမ်းသွားပြီပေါ့၊ ရုပ်နာမ်ခန္ဓာငါးပါးပေါ်သလား?

' မပေါ်တော့ပါဘူးဘုရား '

အိုခြင်း, နာခြင်း, သေခြင်းနဲ့ တွေ့သေးလား?

' မတွေ့တော့ပါဘူးဘုရား '

ဒါဖြင့် အနှိပ်စက်ခံရတဲ့ဘဝက လွတ် မလွတ် . . .

' လွတ်ပါတယ်ဘုရား '

http://www.dhammadownload.com



လွတ်သွားတာ ချမ်းသာတာ တခြားလား နိဗ္ဗာန်လားဟေ့ . . .

' နိဗ္ဗာန်ပါဘုရား '

သစ္စာနဲ့ပြောရင် . . .

' နိရောဓသစ္စာပါဘုရား '

သစ္စာလေးပါးကော မဆိုက်ဘူးလား?

' ဆိုက်ပါတယ်ဘုရား '

အေး. . . ဆိုက်အောင်ကြိုးစားကြလို့ တိုက်တွန်းရင်းပဲ အချိန်လည်း စေ့ပြီဖြစ်လို့ သာဓုသုံးကြိမ်ခေါ် တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com